# ကြေးမုံ

**The Mirror Daily**

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။


**လောကကို ရှုကျင့်သူ**

ရေပြင်ကို ရှုမြင်ရသကဲ့သို့လည်းကောင်း၊ တံလျှပ်ကို ရှုမြင်ရသကဲ့သို့ လည်းကောင်း၊ ဤအတူ(ခန္ဓာငါးပါး ဟူသော) လောကကို ရှုကျင့်သူကို သေမင်းသည် မမြင်နိုင်။ ဤသို့ ရှုသောသူသည် သေခြင်းကင်းရာ နိဗ္ဗာန်ကို မျက်မှောက်ပြုကြကုန်၏။ ထိုသူတို့အား နောက်တစ်ကြိမ် ပဋိသန္ဓေနေ၍ သေရခြင်းသည် မရှိတော့ပြီ။

လောကဝဂ်(ဓမ္မပဒ-၁၇၀)


၁၃၈၅ ခုနှစ်၊ ပထမဝါဆိုလဆန်း ၃ ရက်၊ အင်္ဂါနေ့။ Tuesday, 20 June 2023 ၁၁၁၃၂


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

**ယနေ့ ဖတ်စရာ**

### မိုခါအလွန် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆီသို့ (၄)



ဆောင်းပါး စာမျက်နှာ » ၆

### စိုက်ပျိုးရာသီအလိုက် ရာသီအမီ တောင်သူများလိုအပ်လျက်ရှိသော သွင်းအားစုများအား ဈေးနှုန်းသက်သာစွာ အချိန်မီ ဝယ်ယူအသုံးပြုရရှိနိုင်ရေးအတွက် စိစစ်ထောက်ခံ ဆောင်ရွက်ပေးလျက်ရှိ

စာမျက်နှာ » ၈



## သဖန်းဆိပ်ရေလှောင်တမံမှ နွေစပါးအောင်ရေနှင့် မိုးစပါးပျိုးထောင်ရေ ဆက်လက်ပေးဝေ

စစ်ကိုင်း ဇွန် ၁၉

စစ်ကိုင်းတိုင်းဒေသကြီး သဖန်းဆိပ်ရေလှောင်တမံမှ နွေစပါးအောင်ရေနှင့်အတူ မိုးစပါးပျိုးထောင်ရေ ဆက်လက်ပေးဝေမည်ဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ဆည်မြောင်းဦးစီးဌာန ဦးစီးမှူး ဦးစောသက်ခိုင်ဝင်းထံမှ သိရသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❃



## ပူတာအို-မချမ်းဘော-နောင်မွန် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ အင်မွေးတောင်ရှုခင်းသာ ဖွင့်လှစ်

ပူတာအို ဇွန် ၁၉

ကချင်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ပူတာအိုဒေသ၏ ရေခဲတောင် သဘာဝအလှများ၊ သားငှက်တိရစ္ဆာန်များ၊ တောတောင်ရှုခင်းများဖြင့် ဒေသတွင်းခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားဧည့်သည်များ လည်ပတ်ကြည့်ရှုအပန်းဖြေအနားယူနိုင်ရေး ခရီးစဉ်ဒေသသစ်များကို အကောင်အထည်ဖော်လျက်ရှိရာ ယမန်နေ့နံနက် ၉ နာရီက မချမ်းဘောမြို့နယ် အလန်ဂါးကျေးရွာအတွင်း ပူတာအို-မချမ်းဘော-နောင်မွန် ပြည်ထောင်စုလမ်းကြီးဘေး မိုင်တိုင်(၂၆)ရှိ အင်မွေးတောင်ရှုခင်းသာဖွင့်ပွဲ အခမ်းအနား ကျင်းပသည်။

စာမျက်နှာ ၄ ကော်လံ ၃ သို့ ❖

ကြေးမုံ

# သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်း အမျိုးသားရေးစိတ်ဓာတ်ဖြင့်ပါဝင်

ယနေ့ကမ္ဘာကြီး၏ သဘာဝပတ်ဝန်းကျင်ကို ခြိမ်းခြောက်နေသည့်အန္တရာယ်မှာ ပလတ်စတစ်ညစ်ညမ်းမှုအန္တရာယ် သို့မဟုတ် ပလတ်စတစ်ကဲ့သို့ စွန့်ပစ်အမှိုက်များအန္တရာယ်ဖြစ်သည်။ ပလတ်စတစ်ညစ်ညမ်းမှုများ လျှော့ချရန်အတွက် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများလုပ်ဆောင်ရန် ကုလသမဂ္ဂက တိုက်တွန်းထားသည်။ မြန်မာနိုင်ငံ၏ နိုင်ငံတော်အကြီးအကဲကလည်း ၂၀၂၃ ခုနှစ် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့အခမ်းအနားတွင် ပလတ်စတစ်အန္တရာယ်နှင့် လျှော့ချဆောင်ရွက်နိုင်ရန် တိုက်တွန်းပြောကြားထားသည်။

နှစ်စဉ်နှစ်တိုင်း ကမ္ဘာတစ်ဝန်း၌ စွန့်ပစ်ပလတ်စတစ်တန်ချိန် သန်း ၄၀၀ ခန့်ထွက်ရှိနေသည်။ ၎င်းစွန့်ပစ်ပစ္စည်းများအနက် သုံးပုံတစ်ပုံသည် တစ်ခါသုံး ပလတ်စတစ်အိတ်များဖြစ်သည်။ နေ့စဉ်နေ့တိုင်း ကမ္ဘာတစ်ဝန်း၌ ပလတ်စတစ် အမှိုက်အပြည့်တင်ဆောင်ထားသောကားအစီးရေ ၂၀၀၀ ကျော်မှ စွန့်ပစ်ပစ္စည်းများ သည် ပင်လယ်၊ သမုဒ္ဒရာ၊ မြစ်ချောင်းများနှင့် ရေကန်များသို့ ရောက်ရှိနေကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်က ပြောကြားသည်။ မြန်မာနိုင်ငံတွင်လည်း အထူးသဖြင့် မြို့ပြဒေသများ၌ တစ်ခါသုံးပလတ်စတစ်အိတ်များကို ဖောဖောသီသီ သုံးစွဲလျက်ရှိရာ နေ့စဉ်စွန့်ပစ်အမှိုက်များတွင် တစ်ခါသုံးပလတ်စတစ်အိတ်များ အများဆုံးပါဝင်နေသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံအနေဖြင့် "မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှု မဟာဗျူဟာ" နှင့် "ပင်မလုပ်ငန်းအစီအစဉ်(၂၀၁၈-၂၀၃၀)"တွင် ရည်မှန်းချက် ပန်းတိုင်ခြောက်ခုကို အခြေခံသတ်မှတ်ထားပြီး ပလတ်စတစ်ညစ်ညမ်းမှုကို အဓိကဦးစားပေးဖြေရှင်းရန် သတ်မှတ်ထားသည်။ မြန်မာနိုင်ငံသည် မြေပေါ် သယံဇာတဖြစ်သည့် သစ်နှင့် ဝါးကုန်ကြမ်းများ ပေါများသည့်နိုင်ငံဖြစ်သောကြောင့် တစ်ခါသုံးပလတ်စတစ်အစားထိုးသုံးပစ္စည်းများကို စနစ်တကျထုတ်လုပ်နိုင်သည့် အခြေခံရှိသည်။ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းသည့်အနေဖြင့် သစ်တောများ စနစ်တကျပြုပြင်ထိန်းသိမ်းစိုက်ပျိုးထုတ်လုပ်ခြင်းကို ကမ္ဘာတွင်စံပြအဖြစ် ကောင်းစွာပြုလုပ်နိုင်ကြောင်း၊ ပလတ်စတစ်အစားထိုး ပစ္စည်းမျိုးစုံ ထုတ်လုပ်ခြင်းကို သစ်တောများပြန်လည်ထိန်းသိမ်းခြင်းအနေဖြင့် ကြိုးစားဆောင်ရွက်ကြရမည် ဖြစ်ကြောင်း နိုင်ငံတော်အကြီးအကဲက ပြောကြားထားသည်။

လတ်တလောလုပ်ဆောင်နိုင်သည့်အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းရှိ နယ်မြို့ကြီးများတွင် မြို့ပြအင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာသပ်ရပ်ရေး၊ မြစ်ချောင်းကန်များ ပတ်ဝန်းကျင်သန့်ရှင်းသာယာလှပစေရေး၊ သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေမည့် ပလတ်စတစ်အမှိုက်များကင်းစင်ရေးနှင့် အမှိုက်များ စနစ်တကျစွန့်ပစ်နိုင်ရေးတို့ကို သက်ဆိုင်ရာဒေသအလိုက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် စည်ပင်သာယာရေးအဖွဲ့များ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိသည်။ မြို့နယ်စည်ပင်သာယာရေးကော်မတီများအနေဖြင့် အပတ်စဉ် တနင်္ဂနွေနေ့နှင့် ဗုဒ္ဓဟူးနေ့တိုင်း ပလတ်စတစ်မသုံးစွဲရသောနေ့အဖြစ်သတ်မှတ်ပြီး အမျိုးသားရေးတာဝန်တစ်ရပ် အဖြစ် ဆောင်ရွက်နေသည်ကို တွေ့ရသည်။ အလားတူ လူဦးရေနှင့်ရောင်းဝယ်ဖောက်ကားမှုထူထပ်သော ရန်ကုန်မြို့အနေဖြင့်လည်း မြို့နယ်အလိုက် အပတ်စဉ်တိုင်း အဆိုပါနေ့ရက်များတွင် ပလတ်စတစ်အိတ်များ မသုံးစွဲရေးနှင့်အစားထိုး သုံးစွဲရေးကို အမျိုးသားရေးတာဝန်အဖြစ် ဝိုင်းဝန်းပူးပေါင်းလက်တွဲဆောင်ရွက် သင့်ပေသည်။

မြို့နယ်အချို့တွင် စည်ပင်သာယာရေးအဖွဲ့ဝင်များနှင့် မြို့နယ်စားသုံးသူရေးရာအဖွဲ့ဝင်များက မြို့နယ်အလိုက်ကွင်းဆင်း၍ ဈေးရောင်းချသူများအနေဖြင့် အသား၊ ငါး၊ ဟင်းသီးဟင်းရွက်၊ အစားအသောက်နှင့် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများအား ရောင်းချကြရာတွင် ပလတ်စတစ်အစားထိုး ကြာဖက်၊ အင်ဖက်၊ ငှက်ပျောဖက်နှင့်အသုံးမပြုတော့သည့် စက္ကူများဖြင့် ထုပ်ပိုးရောင်းချကြရန် တိုက်တွန်းပြောကြားပြီး အသုံးပြုခြင်းရှိ/မရှိ စစ်ဆေးဆောင်ရွက်ခဲ့ကြရာ ပတ်ဝန်းကျင်တွင် ပလတ်စတစ်အန္တရာယ်ကင်းဝေးရေးအတွက် စံနမူနာပြလုပ်ဆောင်မှုများအဖြစ် ကြိုဆိုရမည်ဖြစ်သည်။ ရေရှည်တွင် ပလတ်စတစ်ထုပ်ပိုးမှုအစားထိုး သစ်တောထွက် ပစ္စည်းများအသုံးပြုမှုကို ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံတွင် ပလတ်စတစ်အသုံးပြုမှုလျှော့ချရေးကို အမျိုးသားရေးတာဝန်အဖြစ် မြို့နယ်အလိုက် ဆောင်ရွက်လျက်ရှိသည့်နည်းတူ နိုင်ငံတော်က အားပေးဆောင်ရွက်လျက်ရှိသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအနေဖြင့် သစ်တောထွက်ပစ္စည်းများဖြစ်သည့် သစ်နှင့် ဝါးမှထုတ်လုပ်သော ထုပ်ပိုးကုန်ပစ္စည်းများကို တိုးမြှင့်ထုတ်လုပ်ခြင်းဖြင့် ပြည်တွင်းစီးပွားရေးလုပ်ငန်းများ တိုးတက်ဖြစ်ထွန်းလာမည်ဖြစ်သလို သဘာဝပတ်ဝန်းကျင်ညစ်ညမ်းမှုကို ခြိမ်းခြောက်လျက်ရှိသည့် ပလတ်စတစ်အန္တရာယ်များအား လျှော့ချနိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

## ရာဇဝတ်အထူးအယူခံမှု နှစ်မှုနှင့် တရားမအထူးအယူခံမှု သုံးမှု စီရင်ချက်ချမှတ် တရားမအထူးအယူခံမှု သုံးမှု ရုံးထိုင်ကြားနာ

နေပြည်တော် ဇွန် ၁၉

ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများဖြစ်ကြသော ဦးကြည်သိန်း၊ ဦးခင်မောင်ကြီး၊ ဦးသိန်းကိုကိုနှင့် ဒေါ်သင်းသင်းနွဲ့တို့ပါဝင်သည့် အထူးအယူခံခုံရုံးသည် ယနေ့နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုတရားလွှတ်တော်ချုပ် ရုံးခန်းအမှတ်(၁) ၌ ရုံးထိုင်၍ ရာဇဝတ်အထူးအယူခံမှုအမှတ် ၁၃/၂၀၂၂ (မကွေး)နှင့် ၁၄/၂၀၂၂ (မွန်)၊ တရားမအထူးအယူခံမှု အမှတ် ၄၃/၂၀၂၀ (ရန်ကုန်)၊ ၃၃/၂၀၂၂ (မန္တလေး)နှင့် ၃၆/၂၀၂၂ (မန္တလေး)စုစုပေါင်း ရာဇဝတ်အထူးအယူခံမှု နှစ်မှုနှင့် တရားမအထူးအယူခံမှု သုံးမှုတို့ကို စီရင်ချက်ချမှတ်သည်။

ထို့ပြင် တရားမအထူးအယူခံမှု အမှတ် ၁၀၃/၂၀၁၉ (မန္တလေး)၊ ၂၀/၂၀၂၁ (ကချင်)နှင့် ၄၆/၂၀၂၂ (မန္တလေး) စုစုပေါင်း တရားမအထူးအယူခံမှု သုံးမှုတို့ကို ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်ရေးညွှန်ကြားချက်များနှင့်အညီ ရုံးထိုင်ကြားနာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပျိုး

ကျောင်းကုန်း ဇွန် ၁၉

ဇူလိုင် ၃ ရက်နေ့တွင်ကျရောက်မည့်မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသစ်ပင်စိုက်ပွဲအား ကျုံပျော်ခရိုင် ကျောင်းကုန်းမြို့နယ် ချောင်ကြီးတိုက်နယ်ဆေးရုံဝင်း အတွင်း၌ ဇွန် ၁၇ ရက်က ကျင်းပသည်။

အဆိုပါ စုပေါင်းသစ်ပင်စိုက်ပွဲသို့ ကျောင်းကုန်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ယဉ်ယဉ်မြင့် ဦးဆောင်၍ အဖွဲ့ဝင်များက မန်ကျည်းပင် ၅၀ အား စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ပန်းတနော်မြို့၌ ပလတ်စတစ်အိတ်ဖြင့် ဈေးမရောင်းချရနေ့သတ်မှတ်

ပန်းတနော် ဇွန် ၁၉

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ပြည်သူများအနေဖြင့် ကြွပ်ကြွပ်အိတ်၊ တစ်ခါသုံး ပလတ်စတစ်အိတ်များ လျှော့နည်းသုံးစွဲစေရေးအတွက် အပတ်စဉ် တနင်္ဂနွေနေ့နှင့် ဗုဒ္ဓဟူးနေ့တို့တွင် ပလတ်စတစ်အိတ်ဖြင့် ဈေးမရောင်းချရနေ့အဖြစ် သတ်မှတ်ချက်အား လိုက်နာမှုရှိစေရေး အသိပညာပေး လိုက်လံစစ်ဆေးခြင်းကို ယနေ့နံနက်ပိုင်းက စည်ပင်သာယာရေးအဖွဲ့ပိုင်ဈေးအတွင်း ဆောင်ရွက်ကြသည်။



ထိုသို့လိုက်လံစစ်ဆေးခြင်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဝင်းထွဋ်လွင်နှင့် ဝန်ထမ်းများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနတို့မှ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် ဈေးများအတွင်း ဈေးရောင်းချသူများအနေဖြင့် အပတ်စဉ် တနင်္ဂနွေနေ့နှင့်ဗုဒ္ဓဟူးနေ့တို့တွင် ကြွပ်ကြွပ်အိတ်၊ ပလတ်စတစ်အိတ်အစား အင်ဖက်၊ ငှက်ပျောဖက်၊ သတင်းစာစက္ကူ စသည့်သင့်တော်ရာများဖြင့် အစားထိုး ထုပ်ပိုးသုံးစွဲရောင်းချခြင်းရှိ၊ မရှိ လိုက်လံစစ်ဆေးခဲ့ပြီး အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၉-၆-၂၀၂၃

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၀၀၀ | ၇,၉၀၀ | ၆၀၂ | ၄,၈၀၈,၆၀၀ |
| MTSH | ၂,၉၀၀ | ၂,၉၀၀ | ၆၆၄ | ၁,၉၂၅,၆၀၀ |
| MCB | ၇,၃၀၀ | ၇,၃၀၀ | ၃ | ၂၁,၉၀၀ |
| FPB | ၁,၅၀၀ | ၁,၅၀၀ | ၆,၉၄၉ | ၁၀,၃၇၈,၅၀၀ |
| TMH | ၂,၅၀၀ | ၂,၅၀၀ | ၀ | ၀ |
| EFR | ၂,၄၅၀ | ၂,၄၅၀ | ၁ | ၂,၄၅၀ |
| AMATA | ၄,၉၀၀ | ၄,၈၀၀ | ၂၃၇ | ၁,၁၅၉,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်သူရနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦးနှင့်အဖွဲ့

# မိုခါမုန်တိုင်းတိုက်ခတ်မှုဖြစ်ပွားခဲ့သည့်နောက်ပိုင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ပညာရေး၊ ကျန်းမာရေးနှင့် သာသနိကအဆောက်အအုံများပြုပြင်ရေးကို ဦးစားပေးအဆင့် သတ်မှတ်ဆောင်ရွက်ပေးလျက်ရှိ

**စစ်တွေ ဇွန် ၁၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးမျိုးသန့်နှင့် ဒေါက်တာသက်သက်ခိုင်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ဒုတိယဝန်ကြီးများ၊ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက် ၁၀ နာရီတွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ကျင်းပသည့် ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းတိုက်ခတ်မှုဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် သာသနိက အဆောက်အအုံများ ဘက်စုံ ပြန်လည်ပြုပြင်မွမ်းမံခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

**ဦးစားပေးအဆင့်**
**သတ်မှတ်ဆောင်ရွက်ပေးလျက်ရှိ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက မိုခါမုန်တိုင်းတိုက်ခတ်မှု ဖြစ်ပွားခဲ့သည့်နောက်ပိုင်း ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပညာရေး၊ ကျန်းမာရေးနှင့် သာသနိက အဆောက်အအုံများ ပြုပြင်ရေးကို ဦးစားပေးအဆင့် သတ်မှတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ထိခိုက်ပျက်စီးခဲ့သည့် စေတီပုထိုးများနှင့် သာသနိက အဆောက်အအုံများကို ပြုပြင်ရာတွင် မူလအလှူရှင်များ၊ စေတနာရှင် ပြည်သူများ၏ လှူဒါန်းမှုများအား ဘုရားဂေါပကအဖွဲ့များ၏ အနီးကပ်ကြီးကြပ်မှုဖြင့် အမြန်ဆုံးပြီးစီးအောင် စနစ်တကျပြုပြင်ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်နယ်အစိုးရအဖွဲ့၊ သံဃနာယကအဖွဲ့များနှင့် တွေ့ဆုံဩဝါဒ လမ်းညွှန်မှုခံယူ၍ ဘက်စုံပြုပြင်ရေးလုပ်ငန်းများကို အမြန်ကောင်းမွန်အောင် ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ မြန်မာမှုလက်ရာများ ပျက်စီးဆုံးရှုံးမှုများကိုလည်း မူလလက်ရာမပျက် အမြန်ဆုံး ပြန်လည်ပြုပြင်ရန် လိုအပ်ကြောင်း၊ သာသနိက အဆောက်အအုံများ ပြုပြင်မွမ်းမံရန် ဂေါပကအဖွဲ့များအနေဖြင့် အစီအမံများ စနစ်တကျရေးဆွဲဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ထိခိုက်ပျက်စီးခဲ့သည့် စေတီပုထိုးများနှင့် သာသနိက အဆောက်အအုံများ ပြန်လည်ပြုပြင် မွမ်းမံနိုင်ရေးအတွက် စေတနာရှင်၊ အလှူရှင်များ လှူဒါန်းနိုင်ရန် ကျယ်ကျယ်ပြန့်ပြန့်သိရှိစေရေး စည်းရုံးလှုံ့ဆော်ခြင်း၊ သတင်းထုတ်ပြန်အသိပေးခြင်းများ ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့ အစိုးရနည်းပညာအထက်တန်းကျောင်း(စစ်တွေ)၌ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားစဉ်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် စစ်တွေမြို့ပေါ်ရှိ ဘုရားစေတီဂေါပကအဖွဲ့များက သာသနိကအဆောက်အအုံများ ထိခိုက်ပျက်စီးမှုနှင့် ဘက်စုံပြုပြင်မွမ်းမံရန် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့က ဖြည့်စွက်ဆွေးနွေးကြသည်။

ယင်းနောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ရှင်းလင်းဆွေးနွေး တင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့သည် အစိုးရနည်းပညာ အထက်တန်းကျောင်း(စစ်တွေ) သို့ရောက်ရှိပြီး ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေမှု၊ ကျောင်းဆောင်နှင့်စာသင်ခန်းများပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအမံများကို မေးမြန်းကြည့်ရှုကာ ကျောင်းသား ကျောင်းသူများနှင့် ဆရာ ဆရာမများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစကားပြောကြားသည်။

အဆိုပါ နည်းပညာအထက်တန်းကျောင်း (စစ်တွေ)၌ ကျောင်းသား ကျောင်းသူ ၇၆ ဦး တက်ရောက် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**စာမျက်နှာ ၄ သို့ ★**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရခိုင်ပြည်နယ်အတွင်း မိုခါမုန်တိုင်းတိုက်ခတ်မှုဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် သာသနိကအဆောက်အအုံများ ဘက်စုံပြန်လည်ပြုပြင် မွမ်းမံခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။







ကျောက်တော်မြို့ ဓာတ်အားခွဲရုံမှ ကျောက်တော်မြို့ပေါ်ရပ်ကွက်များသို့ ဓာတ်အားဖြန့်ဖြူးပေးထားမှုကို တွေ့ရစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ထိုင်းနိုင်ငံ၌ ပြုလုပ်သည့် မြန်မာအရေးကိစ္စနှင့်ပတ်သက်သည့် အလွတ်သဘောဆွေးနွေးပွဲသို့ တက်ရောက်

**နေပြည်တော် ဇွန် ၁၉**

ထိုင်းနိုင်ငံဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာဒွန်ပရာမွန်းဝီနိုင်း၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၁၉ ရက်တွင် ထိုင်းနိုင်ငံ ပတ္တရားမြို့၌ ပြုလုပ်ခဲ့သည့် မြန်မာအရေးကိစ္စနှင့်ပတ်သက်သည့် အလွတ်သဘော ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့သည်။

အဆိုပါ အလွတ်သဘောဆွေးနွေးပွဲသို့ အာဆီယံအဖွဲ့ဝင်နိုင်ငံများဖြစ်ကြသည့် ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နိုင်ငံတို့နှင့် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၊ အထူးကိုယ်စားလှယ်၊ သံအမတ်ကြီးများနှင့် ကိုယ်စားလှယ်များ တက်ရောက်ခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံက အာဆီယံ၏ တူညီဆန္ဒ(၅)ချက် အကောင်အထည်ဖော်မှု၊ နိုင်ငံအတွင်းတည်ငြိမ်အေးချမ်းရေး၊ ဒီမိုကရေစီ ပြန်လည်ထူထောင်ရေးကိစ္စများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်အညီ ဆောင်ရွက်နေမှုများအား ရှင်းလင်းပြောကြားခဲ့သည်။ အလွတ်သဘောဆွေးနွေးပွဲသို့ တက်ရောက်လာသူများက မြန်မာအရေးကိစ္စနှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

**★ စာမျက်နှာ ၃ မှ**

ထို့နောက် ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ပြည်နယ်မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနနှင့် ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန မြန်မာ့စာတိုက်လုပ်ငန်း ဝန်ထမ်းအိမ်ရာတို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားကာ တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့သည်။

**ကြည့်ရှုစစ်ဆေး**

အလားတူ နယ်စပ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်သည် တာဝန်ရှိသူများနှင့်အတူ စစ်တွေတက္ကသိုလ်နှင့် နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းတို့သို့ ရောက်ရှိပြီး တက္ကသိုလ်ဝင်းအတွင်း သန့်ရှင်းသာယာလှပရေးနှင့် တက္ကသိုလ်အင်္ဂါရပ်နှင့်ညီညွတ်ရေးဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မိုးတွင်းကာလတွင် တက္ကသိုလ်ဝင်းအတွင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများတူးဖော်နေမှုများနှင့် လျှပ်စစ်ဓာတ်အားလိုင်းများ စနစ်တကျဖြစ်စေရေး ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်း အဆောက်အအုံများ၏ အတွင်းပိုင်းများ ပြန်လည်ပြုပြင်မှု၊ စားရိပ်သာအတွင်း ဆောင်ရွက်ထားရှိမှု၊ ကျောင်းသား ကျောင်းသူများ စည်းစနစ်ကျနစွာ ကျောင်းတက်ရောက်မှုတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင် စစ်တွေတက္ကသိုလ်ဝင်းအတွင်း ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်းများ ပြန်လည်တူးဖော်ထားရှိမှုကို ကြည့်ရှုစစ်ဆေးစဉ်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန အနေဖြင့် မိုခါမုန်တိုင်း တိုက်ခတ်မှုဒဏ်ကြောင့် ပျက်စီးခဲ့သည့် ပုဏ္ဏားကျွန်း-ကျောက်တော် ၆၆ ကေဗွီ ဓာတ်အားလိုင်း ပြုပြင်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးသဖြင့် ဇွန် ၁၈ ရက်မှစတင်၍ ကျောက်တော်မြို့ပေါ်ရှိ မဟာမုနိဘုရားကြီးအပါအဝင် မြို့ပေါ်ရပ်ကွက်များသို့ ရာနှုန်းပြည့် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အခြေခံစာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှုသင်တန်း အမှတ်စဉ်(၂၃၅) သင်တန်းဖွင့်ပွဲ ကျင်းပ

**နေပြည်တော် ဇွန် ၁၉**

အခြေခံစာရင်းကိုင်နှင့် ရုံးလုပ်ငန်းကျွမ်းကျင်မှု သင်တန်းအမှတ်စဉ်(၂၃၅) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး နဝရတ်ခန်းမ၌ ကျင်းပသည်။



သင်တန်းဖွင့်ပွဲသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးတင်ဦး၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများ တက်ရောက်ကြပြီး တိုက်ကြီးမြို့နယ်ရှိ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေး သင်တန်းကျောင်းနှင့် ပုဇွန်တောင်မြို့နယ်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း သင်တန်းကျောင်းတို့မှ တာဝန်ရှိသူများ၊ သင်တန်းကထိကများနှင့် သင်တန်းသားများက အွန်လိုင်းဖြင့် တက်ရောက်ကြကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်ထောင်စုစာရင်းစစ်ချုပ်က နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်မှ ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မူဝါဒများကို သိရှိနားလည်ပြီး ကျရာအခန်းကဏ္ဍမှ တာဝန်ကျေပွန်စွာ လိုက်ပါဆောင်ရွက်နိုင်ရန် အထူးလိုအပ်ကြောင်း၊ သို့ပါ၍ ရုံးဌာနများအတွက် အရေးပါသည့် စာရင်းပညာနှင့် လုပ်ငန်းဆိုင်ရာများကို အခြေခံမှစ၍ ကျွမ်းကျင်တတ်မြောက်ထားရမည် ဖြစ်ကြောင်း၊ ယခုသင်တန်းတွင် အခြေခံကျပြီး လက်တွေ့လုပ်ငန်းခွင်တွင် အသုံးပြုဆောင်ရွက်နိုင်မည့် ဘာသာရပ်များဖြင့် သင်ကြားပို့ချသွားမည်ဖြစ်သဖြင့် တန်ဖိုးထားလေ့လာသင်ယူကြစေလိုကြောင်း၊ ထို့ပြင် ယခုသင်တန်းသည် သင်တန်းသားများ၏ ရာထူးတိုးမြှင့်ရေးအတွက်လည်း အရေးပါသည့်သင်တန်းဖြစ်၍ အလေးထားကြိုးစားကြစေလိုကြောင်း၊ သင်တန်းသားများသည် နိုင်ငံ့ဝန်ထမ်းဖြစ်သည့်အတွက် ဝန်ထမ်းစည်းကမ်း၊ သင်တန်းစည်းကမ်းများကို လေးစားလိုက်နာပြီး နိုင်ငံတော်နှင့် ဌာနမှ အားထားရသည့် အရည်အသွေးပြည့်ဝသော ဝန်ထမ်းကောင်းများဖြစ်စေရေး ကြိုးစားကြစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်ကျောင်းအုပ်က သင်တန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းပြောကြားသည်။

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း နေပြည်တော်တွင် ဝန်ကြီးဌာန ၄၂ ခုမှ သင်တန်းသား ၃၃၈ ဦး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ ကြီးကြပ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်ရှိ ဗဟိုမြေစာရင်းဖွံ့ဖြိုးမှု လေ့ကျင့်ပညာပေးရေးသင်တန်းကျောင်းတွင် သင်တန်းသား ၁၂၀၊ ပုဇွန်တောင်မြို့နယ်ရှိ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသင်တန်းကျောင်းတွင် သင်တန်းသား ၁၁၇ ဦး စုစုပေါင်း သင်တန်းသား ၅၇၅ ဦးတို့ကို ဇွန် ၁၉ ရက်မှ ဩဂုတ် ၈ ရက်ထိ ဘာသာရပ်ခြောက်ခုဖြင့် တစ်ပြိုင်တည်း ဖွင့်လှစ်သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**❋ ရှေ့ဖုံးမှ**

"မိုးစပါးအတွက် ရေပေးဖို့ ရေလုံလုံလောက်လောက် ဆည်ထဲမှာ ကျန်ပါတယ်။ အခုမိုးရာသီလည်းစ ဆည်ထဲလည်း ရေဝင်စပြုနေပြီမို့ မိုးစပါးကို အခုကစပြီး အောင်ရေအထိ (နိုဝင်ဘာလကုန်အထိ)ရေပေးနိုင်မှာပါ။ ဒါ့အပြင် ဝင်လာမယ့်ရေကိုပါ ထည့်တွက်ပြီး လာမယ့်နွေစပါး နဲ့အခြားသီးနှံအတွက်လည်း ရေလုံလုံလောက်လောက်ရှိပါတယ်"ဟု ဦးစောသက်ခိုင်ဝင်းက ပြောသည်။

ဇွန် ၁၉ ရက်တွင် သဖန်းဆိပ်ရေလှောင်တမံအတွင်း သိုလှောင်ရေမာဏသည် ၁၁၂၃၀၇၄ ဧကပေဖြစ်ပြီး လက်ရှိအချိန်တွင် သဖန်းဆိပ်ဆည်ရေသောက်ဧရိယာတွင် ရိတ်သိမ်းနေသည့် နွေစပါးသည် အထွက်ကောင်း၍ ဈေးကောင်းရနေသည်။

ယခုဇွန်လကုန်တွင် နွေစပါးများ လှိုင်လှိုင်ရိတ်သိမ်းကြမည်ဖြစ်ပြီး 747 နွေစပါးတင်း ၁၀၀ လျှင် ကျပ် ၁၆ သိန်း ဝန်းကျင် ရောင်းဝယ်နေကြကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

**❖ ပူတာအို-မချမ်းဘော-နောင်မွန်မှ**

အဆိုပါ ဖွင့်ပွဲအခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ပူတာအိုဒေသ၏ သဘာဝအလှများနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အမွေအနှစ်များသည် ခရီးသွားဧည့်သည်များကို အဓိကဆွဲဆောင်လျက်ရှိကြောင်း၊ ဒေသတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရေးကို ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်ပြီး ဒေသနေတိုင်းရင်းသားများ အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ တစ်ဦးချင်းဝင်ငွေတိုးတက်ပြီး လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် View Point နေရာမှတစ်ဆင့် ပတ်ဝန်းကျင်ရှိ တောတောင်သဘာဝရှုခင်းအလှများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် မချမ်းဘောမြို့ မလိခမြစ်ဘေးရှိ ဂူဘားရိပ်သာ၌ မချမ်းဘောမြို့ပေါ်ရပ်ကွက်များ မြစ်ရေတိုက်စားမှုမှ ကာကွယ်နိုင်ရေး ရပ်ကွက် (၃)အတွင်း ကျောက်စီရေထိန်းတမံအရှည်ပေ ၈၀၀ တည်ဆောက်ပြီးစီးမှုနှင့် ကောင်းမှုလုံစေတီတော်အနီး မလိခမြစ်ရေတိုက်စားမှုမှ ကာကွယ်နိုင်ရေး ကျောက်စီရေထိန်းတမံ အရှည် ၆၄၅ ပေ တည်ဆောက်ပြီးစီးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကိုးကန့်ဒီမိုကရေစီနှင့်ညီညွတ်ရေးပါတီ( KKDUP )နှင့် ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီတို့ကို နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

လားရှိုး ဇွန် ၁၉

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် အဖွဲ့ဝင် ဦးမြင့်ဦး၊ ဦးခင်မောင်ဦးတို့နှင့်အတူ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှတ်ပုံတင်ခွင့်ရရှိပြီးသော ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ(KKDUP)နှင့် ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီတို့မှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များကို ယနေ့နံနက် ၈ နာရီခွဲတွင် လားရှိုးမြို့ နယ်မြေခံတပ် ဧည့်ရိပ်သာတွင် တွေ့ဆုံပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို စစ်ဆေးသည်။



ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများအနေဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ထားသော ဘဏ္ဍာရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ရေး၊ သတ်မှတ်ကာလအတွင်း စုဆောင်းရမည့် ပါတီဝင်အင်အားနှင့် ဖွင့်လှစ်ရမည့် ပါတီရုံးခန်းများကို အချိန်မီပြီးစီးအောင် စနစ်တကျဆောင်ရွက်ရေး၊ ပါတီရုံးခန်းဖွင့်လှစ်ခြင်း၊ ပါတီဆိုင်းဘုတ်နှင့် ပါတီအလံများစိုက်ထူခြင်းတို့ကို ဥပဒေ၊ နည်းဥပဒေ၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ရေး၊ ခိုင်မာအားကောင်းသည့် နိုင်ငံရေးပါတီအဖြစ် တည်ဆောက်ရေးနှင့် အချိုးကျကိုယ်စားပြုစနစ်ဖြင့် ကျင်းပမည့်ရွေးကောက်ပွဲများတွင် မိမိတိုင်းရင်းသားဒေသများအလိုက် ရွေးကောက်တင်မြှောက်ခြင်းခံရပြီး ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် ပါဝင်ဆောင်ရွက်နိုင်ရေး၊ ယခင်ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သော မဲမသမာမှုများကို သုံးသပ်ပြီး သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများကို ပြင်ဆင်ပြဋ္ဌာန်းနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် အတည်ပြုပြဋ္ဌာန်းပြီးပါက နိုင်ငံရေးပါတီများက ဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်ရေး၊ မဲစာရင်းပြုစုခြင်းနှင့် စိစစ်ခြင်းလုပ်ငန်းစဉ်များတွင်လည်း နိုင်ငံရေးပါတီများကို ပူးပေါင်းဆောင်ရွက်ခွင့်ပြုမည်ဖြစ်၍ ကြိုတင်ပြင်ဆင်ထားရှိရေး မှာကြားရာ သက်ဆိုင်ရာပါတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းတင်ပြကြသည်။

ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ( KKDUP )ကို ရှမ်းပြည်နယ် လားရှိုးမြို့ ရပ်ကွက်(၁၂) နယ်မြေ(၁၉) မန်ဆူရှမ်းကျောင်းနောက်ဟူးမွန်လမ်း အမှတ်(၄/၁၉/၇၆၄) တွင် ပါတီဌာနချုပ်ရုံး ဖွင့်လှစ်ထားရှိပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၃ ခုနှစ် မေ ၁၆ ရက်စွဲပါ ကြေညာချက်အမှတ်( ၂၁/၂၀၂၃)ဖြင့်လည်းကောင်း၊ ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီကို ရှမ်းပြည်နယ်(မြောက်ပိုင်း) လောက်ကိုင်မြို့ တုံချန်ရပ်ကွက်(၁) ကြည်ရှန်လမ်းတွင် ပါတီဌာနချုပ်ရုံးဖွင့်လှစ်ထားရှိပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၃ ခုနှစ် မေ ၃၀ ရက်စွဲပါ ကြေညာချက်အမှတ်( ၂၄/၂၀၂၃ ) ဖြင့်လည်းကောင်း မှတ်ပုံတင်ခွင့်ပြုပြီး ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီအား နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ထားရှိမှုကြည့်ရှု

နေပြည်တော် ဇွန် ၁၉



ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်း၊ ဦးစိုးဦး၊ ဦးအောင်မိုးမြင့်တို့သည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ၂၀၂၃ ခုနှစ် ဧပြီ ၂၀ ရက်တွင် မှတ်ပုံတင်ခွင့်ရရှိပြီး ဖြစ်သည့် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရာဇသင်္ဂဟလမ်းနှင့် ရွှေပြည်တော်ဝင်လမ်းထောင့် အကွက်အမှတ်(၅)တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဌာနချုပ် ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား ယနေ့တွင် ပါတီဌာနချုပ်၌ တွေ့ဆုံ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ပါတီလုပ်ငန်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုသည်။

ထိုသို့ တွေ့ဆုံစဉ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဥက္ကဋ္ဌဦးခင်ရီက ပါတီ၏လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြပြီး ဒုတိယဥက္ကဋ္ဌများက ဖြည့်စွက်တင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များက နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ နည်းဥပဒေများနှင့်အညီ မှတ်ပုံတင်ခွင့်ပြုသည့်နေ့မှစ၍ ရက်ပေါင်း ၉၀ အတွင်း သတ်မှတ်ထားသော ပါတီဝင်အင်အား ၁၀၀၀၀၀ ပြည့်မီရေး၊ ရက်ပေါင်း ၁၈၀ အတွင်း ပြည်ထောင်စု တစ်ဝန်းလုံးရှိ မြို့နယ်အားလုံး၏ အနည်းဆုံး ထက်ဝက်၌ ပါတီရုံးခန်းဖွင့်လှစ်ရန်၊ ပါတီအလံနှင့် ဆိုင်းဘုတ်များကို သတ်မှတ်ချက်နှင့်အညီ စနစ်တကျ လိုက်နာဆောင်ရွက်သွားရန်၊ ပါတီ၏ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများကို ညွှန်ကြားချက်နှင့်အညီ ရေးဆွဲဆောင်ရွက်သွားရန်၊ ပါတီဝင်များ ကိုင်ဆောင်ထားသည့် သုံးခေါက်ချိုး အမျိုးသားမှတ်ပုံတင် ကတ်ပြားများကို နိုင်ငံသား စိစစ်ရေးကတ်များနှင့် အစားထိုးလဲလှယ်နိုင်ရေးသက်ဆိုင်ရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနများနှင့် ဆက်သွယ် ဆောင်ရွက်သွားရန်၊ အချိုးကျကိုယ်စားပြုစနစ် (PR) ဖြင့် ကျင်းပမည့် ရွေးကောက်ပွဲများတွင် မိမိပါတီကိုယ်စားပြု လွှတ်တော် ကိုယ်စားလှယ်များ ရွေးကောက် တင်မြှောက်ခံရပြီး နိုင်ငံတော်၏ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် ပါဝင်ခွင့်ရရှိရေး ကြိုးပမ်းဆောင်ရွက်သွားရန် ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ အစည်းအဝေးခန်းမ၊ ဥက္ကဋ္ဌရုံးခန်း၊ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များ၏ ရုံးခန်းများ၊ စာကြည့်တိုက်၊ ပါတီဝင်အင်အားစာရင်းများ ထားရှိသည့် မှတ်တမ်းဌာနနှင့် သင်တန်းခန်းမ တို့ကို လှည့်လည်ကြည့်ရှုခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

၁။ မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဖက်ခင်းရပ်၊ ဖက်ခင်းလမ်း၊ ခြံအမှတ်(၂)တွင် ပါတီရုံးချုပ်တည်ရှိသော **အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ (NIDP)**က နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေပုဒ်မ(၅)အရ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုရန် ၁၆-၆-၂၀၂၃ ရက်နေ့တွင် လျှောက်ထားလာပါသည်။ ယင်းသို့ လျှောက်ထားရာတွင် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ဖော်ပြပါ အတိုင်း အသုံးပြုမည်ဖြစ်ကြောင်း တင်ပြလာပါသည်။

၂။ ယင်းအဖွဲ့အစည်းက အသုံးပြုမည့် ပါတီအမည်၊ အလံနှင့် တံဆိပ်တို့ကို ကန့်ကွက်လိုက ယခုကြေညာသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ ကန့်ကွက်နိုင်ပါကြောင်း၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၁၄ (ဃ) အရ အများသိစေရန် ကြေညာအပ်ပါသည်။

**အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ (NIDP)၏ အလံပုံစံ**



**အမျိုးသားအကျိုးစီးပွားတိုးတက်ရေးပါတီ (NIDP)၏ တံဆိပ်ပုံစံ**




ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ဓနုဖြူမြို့နယ်၌ ပလတ်စတစ်မသုံးစွဲရနေ့ သတ်မှတ်ထားမှု ကြီးကြပ်စစ်ဆေး

ဓနုဖြူ ဇွန် ၁၉

ဧရာဝတီတိုင်းဒေသကြီး ဓနုဖြူမြို့နယ်တွင် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အထောက်အကူပြုစေရန် ပလတ်စတစ်မသုံးစွဲရနေ့အဖြစ် သတ်မှတ်ထားမှုအား လိုက်နာဆောင်ရွက်မှုရှိစေရေး ကြီးကြပ်စစ်ဆေးဆောင်ရွက်ခြင်းကို ယမန်နေ့နံနက် ၈ နာရီက မြို့နယ်စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မဈေးအတွင်း၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ဈေးရောင်းချသူများအနေဖြင့် လိုက်နာဆောင်ရွက်မှုရှိ၊ မရှိ သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းကွင်းဆင်း စစ်ဆေးရာ ပလတ်စတစ်အိတ်၊ ကြွပ်ကြွပ်အိတ်အစား စက္ကူ၊ ငှက်ပျောဖက်၊ အခြားသင့်တော်ရာပစ္စည်းများဖြင့် ရာနှုန်းပြည့်နီးပါး ထုပ်ပိုးရောင်းချနေမှုကို စစ်ဆေးတွေ့ရှိရကြောင်း၊ ဈေးအမှိုက်သိမ်းရာတွင်လည်း ယခင်တစ်ရက်လျှင် ပလတ်စတစ်ထွက်ရှိမှု သုည ဒသမ ၂၁ တန် ထွက်ရှိခဲ့သော်လည်း ပလတ်စတစ်မသုံးစွဲရနေ့တွင် သုည ဒသမ ၀၁၁ တန် ထွက်ရှိမှုရှိပြီး ကွာခြားချက်အားဖြင့် ပလတ်စတစ်ထွက်ရှိမှု သုည ဒသမ ၁၉၉ တန် လျော့နည်းလာသည်ကို စစ်ဆေးတွေ့ရှိရကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိုခါအလွန် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆီသို့ (၄)

(ယမန်နေ့မှအဆက်)

ရခိုင်ပြည်နယ်အတွင်း ၂၃၀ ကေဗွီ မဟာဓာတ်အားလိုင်းတစ်လိုင်း၊ ၆၆ ကေဗွီ ပို့လွှတ်ရေးဓာတ်အားလိုင်း ခြောက်လိုင်း၊ တာဝါတိုင်နဲ့ ကွန်ကရစ်တိုင် စုစုပေါင်း ၂၆၃၆ တိုင်ရှိပါတယ်။

အဲဒီထဲကမှ တာဝါတိုင် ၅၂ တိုင်နဲ့ ကွန်ကရစ်တိုင် ၄၂၈ တိုင်တို့ဟာ ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ရဲ့ ရိုက်ခတ်မှုအောက်မှာ ဝပ်ဆင်းသွားခဲ့ရတာပါ။

ဒါပေမဲ့လည်း လျှပ်စစ်စွမ်းအား ဝန်ကြီးဌာနက တာဝန်ရှိသူတွေနဲ့ ဝန်ထမ်းတွေရဲ့ စိတ်ဓာတ်ကိုရိုက်ချိုးဖို့ရာတော့ "မိုခါ" က မတတ်နိုင်ခဲ့ပါဘူး။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာနအနေနဲ့ စစ်တွေမြို့နဲ့ ရခိုင်ပြည်နယ်မြောက်ပိုင်းဒေသရှိမြို့တွေ လျှပ်စစ်ဓာတ်အား အမြန်ပြန်လည်ရရှိဖို့အတွက် မေလ ၁၈ ရက်နေ့ကစလို့ လူအင်အား၊ ယာဉ်/ ယန္တရားအင်အားတွေကိုစုဖွဲ့ပြီး ပြန်လည်ပြင်ဆင်ရေးလုပ်ငန်းတွေ ဆောင်ရွက်ခဲ့ပါတယ်။

**၂၃၀ ကေဗွီနဲ့ ၆၆ ကေဗွီ ဓာတ်အားလိုင်းတွေအတွက် ဝန်ထမ်း ၅၇၉ ဦး၊ ယာဉ်/ယန္တရားအစီး ၉၀၊ ပြင်ဆင်ရေးအဖွဲ့ ၁၆ ဖွဲ့နဲ့ လုပ်ငန်းဆောင်ရွက်နေသလို ၁၁ ကေဗွီ/ ၄၀၀ ဗို့ ဓာတ်အားလိုင်းတွေအတွက် ဝန်ထမ်း ၆၈၄ ဦး၊ ယာဉ်/ယန္တရား ၇၁ စီး၊ ပြင်ဆင်ရေးအဖွဲ့ ၁၄ ဖွဲ့၊ ပြင်ပကုမ္ပဏီတစ်ဖွဲ့တို့နဲ့ ပြည်သူတွေ လျှပ်စစ်မီးတွေ ပြန်လည်ရရှိဖို့အတွက် အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။**

**ဒီလို ကြိုးပမ်းဆောင်ရွက်မှုတွေကြောင့် မြို့တွင်းလျှပ်စစ်မီး ဖြန့်ဖြူးရေးလိုင်းတွေ ပြန်လည်ပြင်ဆင်ဆောင်ရွက်ပြီးစီးမှုက ဇွန်လ ၁၃ ရက်နေ့မှာ ၁၀၀ ရာခိုင်နှုန်းရှိပြီး ဇွန်လ ၇ ရက်နေ့ ည ၈ နာရီ ၂၂ မိနစ်မှာ မြို့ပေါ် ၁၅ ရပ်ကွက်ရှိ လျှပ်စစ်မီးအသုံးပြုသူ ၁၃၀၁၀ အတွက် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးနိုင်ခဲ့ပါတယ်။**

လျှပ်စစ်မီးမရခင် အတောအတွင်းမှာ ပြည်သူတွေ လျှပ်စစ်မီးအထိုက်အလျောက် ရရှိစေဖို့အတွက် ၅၀၀ ကေဗွီအေ မီးစက်ကြီးတွေနဲ့ လမ်းမီးထွန်းခြင်း လုပ်ငန်းတွေကိုလည်း ဆောင်ရွက်ပေးခဲ့ပါတယ်။


မုန်တိုင်းဒဏ်သင့်ဒေသများအတွက် ကယ်ဆယ်ရေးပစ္စည်းများကို ပေးပို့စဉ်။

**အထူးသဖြင့် လျှပ်စစ်မီးလုံးဝမရတဲ့ စစ်တွေမြို့အတွင်း လျှပ်စစ်မီးရရှိဖို့အတွက် အဓိကဦးစားပေးဆောင်ရွက်နေတာဖြစ်လို့ စစ်တွေမြို့ မေယုလမ်း မီးစက်အပိုင်းမှ ဆတ်ရိုးကျတံတားအထိ အလျား ၃ မိုင်အရှည်ရှိတဲ့ လမ်းမကြီးတစ်လျှောက်ကို မေလ ၂၅ ရက်နေ့ ကစပြီး ဇွန်လ ၇ ရက်နေ့အထိ ည ၇ နာရီမှ ၁၀ နာရီအတွင်း လမ်းမီးတွေကို တစ်တိုင်ခြား ထွန်းပေးခဲ့တာ တွေ့ရပါတယ်။**

တာဝန်ရှိသူတွေအနေနဲ့ ပြည်သူတွေအတွက် စဉ်းစားတွေးတောပြီး ဖြည့်ဆည်းပေးမှုက ဒီနေရာမှာတင် မရပ်သွားပါဘူး။ ဒီကနေ့ခေတ်မှာ လူတိုင်းလိုလို လက်ကိုင်ဖုန်းတွေ ကိုင်ဆောင်လာနိုင်ပြီဖြစ်တဲ့အတွက် မိသားစုတွေ၊ မိတ်ဆွေသူငယ်ချင်းတွေ တစ်ဦးနဲ့တစ်ဦး အဆက်အသွယ် မပြတ်တောက်စေဖို့ အခမဲ့ဖုန်းအားသွင်းနိုင်တဲ့နေရာတွေကိုလည်း စီစဉ်ပေးခဲ့ပါသေးတယ်။

လျှပ်စစ်မီးလုံးဝမရတဲ့ စစ်တွေမြို့အတွင်းမှာပဲ အခမဲ့ဖုန်းအားသွင်းနိုင်ဖို့အတွက် နေရာရှစ်နေရာ ထားရှိပေးထားတာကြောင့် ပြည်သူတွေအနေနဲ့ လက်ကိုင်ဖုန်းတွေသာမက အားသွင်းဓာတ်မီးတွေနဲ့ တခြားအားသွင်းဖို့လိုအပ်တဲ့ လျှပ်စစ်ပစ္စည်းတွေ လာရောက် အားသွင်းကြတာကိုလည်း တွေ့ရပါတယ်။ ပျမ်းမျှအားဖြင့် ညစဉ်မီးအားသွင်းသူ ၁၂၀၀ ဝန်းကျင်ရှိပါတယ်။

လျှပ်စစ်ဓာတ်အား ရရှိဖို့အတွက် ကြိုးပမ်းဆောင်ရွက်မှုနဲ့ ပတ်သက်လို့ နောက်ထပ် တင်ပြချင်တာကတော့ စက်သုံးဆီ စုပုံမှုအခြေအနေပါ။

**ပရီမီယံဒီဇယ်ဆီ ဂါလန် ၂၀၀၀၀၀ ကို ဇမ္ဗူတန်ဆောင်သင်္ဘောနဲ့လည်းကောင်း၊ 92 အောက်တိန်းဓာတ်ဆီ ဂါလန် ၂၀၀၀၀၀ ကို ခိုင်ခိုင်ဖြိုး-၃၄ သင်္ဘောနဲ့လည်းကောင်း၊ ဒီဇယ်ဆီ ဂါလန် ၂၅၀၀၀၀ ကို ခိုင်ခိုင်ဖြိုး-၃၃ သင်္ဘောနဲ့လည်းကောင်း ရခိုင်ပြည်နယ်ကို ပို့ဆောင်ထားပြီးတာ တွေ့ရပါတယ်။**

ပရီမီယံ ဒီဇယ်ဆီတွေကိုတော့ စစ်တွေမြို့မှာရှိတဲ့ စက်သုံးဆီအရောင်းဆိုင်တစ်ဆိုင်မှာ ထိန်းသိမ်းထားကာ 92 အောက်တိန်းဓာတ်ဆီနဲ့ ဒီဇယ်ဆီတို့ကိုတော့ သင်္ဘောပေါ်မှာပဲ တင်ထားပြီး ဖြန့်ဖြူးပေးလျက်ရှိပါတယ်။

ဝိသမလောဘသားတွေ လုပ်လေ့လုပ်ထရှိတဲ့ အကျင့်တစ်ခုရှိပါတယ်။ အရေးအကြောင်း ကြုံလာပြီဆိုရင် အရေးကြီးလိုအပ်တဲ့ ပစ္စည်းတွေကို ဈေးတင်ရောင်းချတာပါပဲ။

ဒီနေရာမှာ စက်သုံးဆီဆိုတာ တကယ့်ကို အခြေခံကျတဲ့ လိုအပ်ချက်မို့ ပြတ်လပ်ပြီဆိုတာနဲ့ ဝိသမလောဘသားတွေရဲ့ မထင်ရင်မထင်သလို ဈေးတင်ရောင်းချတာခံရတဲ့ အခြေခံကုန်ပစ္စည်းတစ်မျိုးပါ။

အခုတော့ နိုင်ငံတော်အစိုးရက အမြော်အမြင်ရှိရှိနဲ့ မုန်တိုင်းဒဏ်သင့်ဒေသတွေမှာ စက်သုံးဆီတွေကို အလျှံပယ် စုပုံပေးလိုက်တာကြောင့် စက်သုံးဆီပြတ်လပ်လို့ ဈေးတင်ရောင်းချမှု မဖြစ်ပေါ်စေတဲ့အပြင် ရှာဖွေကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေးနဲ့ ပြန်လည်နေရာချထားရေး လုပ်ငန်းတွေကို တင်းပြည့်ကျပ်ပြည့် ဆောင်ရွက်သွားနိုင်တော့မှာပဲဖြစ်ပါတယ်။

### ဆောက်လုပ်ရေးကဏ္ဍ

ပြန်လည်ထူထောင်ရေး လုပ်ငန်းတွေအတွက် အဓိကကျတဲ့လုပ်ငန်းတစ်ခုဖြစ်တဲ့ ဆောက်လုပ်ရေးလုပ်ငန်းကဏ္ဍကို ဆက်လက်တင်ပြသွားပါမယ်။

**နိုင်ငံတော်အစိုးရရဲ့ တာဝန်ပေးချက်အရ ကြိုတင်ဝယ်ယူထားတဲ့ သွပ်အချပ်ရေ ၁၀၀၀၀၀၊ မူလထိန်းသိမ်းထားတဲ့ သွပ်အချပ်ရေ ၁၆၉၆၇၅ ချပ်၊ အလှူရှင်တွေ လှူဒါန်းတဲ့ သွပ်အချပ်ရေ ၃၄၈၂၇ ချပ်အပါအဝင် စုစုပေါင်း သွပ်အချပ်ရေ ၃၀၄၅၀၂ ချပ်ကို စစ်တွေမြို့ကို ပို့ဆောင်ခဲ့ပြီးဖြစ်ပါတယ်။ ဒါ့အပြင် အိမ်ရိုက်သံ ၂၄ တန်၊ သွပ်ရိုက်သံ ၁၃ တန်နဲ့ သစ်လုံး ၆၄ တန်၊ သစ်ခွဲသား ၁၈၃၈ တန်တို့ကိုလည်း တည်ဆောက်ရေးလုပ်ငန်းတွေအတွက် ပို့ဆောင်ခဲ့ပြီးပါပြီ။**

ဆောက်လုပ်ရေးလုပ်ငန်း ဆောင်ရွက်မှုအကြောင်းမပြောခင် အရင်ဆုံး သာသနိကအဆောက်အအုံတွေ ပျက်စီးမှုအခြေအနေကို တင်ပြချင်ပါသေးတယ်။

ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ကြောင့် ရခိုင်ပြည်နယ် မြို့နယ် ၁၇ မြို့နယ်ရှိ သာသနိကအဆောက်အအုံအများအပြား



တာဝန်ရှိသူများက လျှပ်စစ်မီးရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ပေးနေစဉ်။

## ထက်မြတ်

ပျက်စီးသွားပါတယ်။

**စာရင်း ကိန်းဂဏန်းအရဆိုရင် ကျောင်းပေါင်း ၁၅၁၀၊ စေတီပေါင်းအဆူ ၂၃၀၊ သိမ်အလုံး ၆၄၀၊ ကျောင်းဆောင် ၁၇၈၇ ဆောင်၊ ဓမ္မာရုံ ၈၃၈ လုံး၊ ဆွမ်းစားဆောင် ၄၅၈ လုံး၊ ကုဋီ ၁၀၂၆ လုံးရှိပါတယ်။**

**ဒီလိုပျက်စီးသွားတဲ့ သာသနိကအဆောက်အအုံတွေအတွက် ပထမအကြိမ်အဖြစ် ဘုန်းတော်ကြီးကျောင်းငါးကျောင်းကို သွပ်အချပ် ၁၀၀၀ နဲ့ ကျန်သာသနိက အဆောက်အအုံတွေအတွက် သွပ်အချပ် ၈၅၀၀၊ သွပ်ရိုက်သံ ၂၂၅ ပိဿာနဲ့ သစ် ၅၁ တန်တို့ကို ထောက်ပံ့ပေးထားပါတယ်။**

ဒါ့အပြင် ပျက်စီးသွားတဲ့ သာသနိကအဆောက်အအုံတွေကို သက်ဆိုင်ရာတာဝန်ရှိသူတွေ၊ တပ်မတော်သားတွေနဲ့ ဒေသခံပြည်သူတွေ ပူးပေါင်းကာ ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ရာ ယခုအခါ အတော်များများပြီးစီးသွားပြီဖြစ်ပါတယ်။

ဒါတင်မကသေးပါဘူး။ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနလက်အောက်ရှိ ဗုဒ္ဓပြတိုက်နဲ့ယဉ်ကျေးမှုပြတိုက်တို့ကို အမိုးဒိုင်းပြုပြင်ခြင်းလုပ်ငန်းတွေ ဆောင်ရွက်လျက်ရှိပါတယ်။

**ဆောက်လုပ်ရေး ဝန်ကြီးဌာနလက်အောက်ရှိ လမ်းဦးစီးဌာနကလည်း တောင်ကုတ်-မအီ-ကျောက်ဖြူလမ်းရှိ ပင်လယ်လှိုင်းကာ ပေ ၂၁၀ ပျက်စီးခြင်းကို ဆောင်ရွက်လျက်ရှိရာ လက်ရှိအချိန်အထိ ၉၀ ရာခိုင်နှုန်းခန့်ပြီးစီးပါပြီ။**

ဒီလိုဆောက်လုပ်ရေးလုပ်ငန်းတွေ ဆောင်ရွက်ဖို့အတွက် အရေးကြီးလိုအပ်ချက်တစ်ခုဖြစ်တဲ့ သစ်ခွဲသားတွေ ပို့ဆောင်မှုအခြေအနေကတော့ ဇွန်လ ၁၄ ရက်နေ့အထိ စစ်တွေမြို့ကို ကျွန်း/ ပျဉ်းကတိုး ပင်ကျပ်တိုင် ၂၀၃၇ လုံး အပါအဝင် သစ်ခွဲသားတန်ချိန် ၁၇၅၆ ဒသမ ၅ တန်ကို ပို့ဆောင်ထားပြီးပါပြီ။

ဆက်လက်ပြီးတော့လည်း ပို့ဆောင်သွားမယ့် သစ်ခွဲသားတွေ၊ ကျွန်း/ ပျဉ်းကတိုး ပင်ကျပ်တိုင်တွေကိုလည်း အသင့်စုဖွဲ့ထားကာ သင့်ရာနည်းနဲ့ ပို့ဆောင်နိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပါသေးတယ်။

### ကယ်ဆယ်ရေးပစ္စည်းများ ပေးပို့မှုကဏ္ဍ

မုန်တိုင်းဒဏ်သင့် ဒေသတွေကို ကယ်ဆယ်ရေးပစ္စည်းတွေ ပေးပို့မှုမှာ တပ်မတော်ရဲ့ အခန်းကဏ္ဍက အဓိကကျလာသလို သယ်ယူပို့ဆောင်ရေးအဖွဲ့ရဲ့ စွမ်းစွမ်းတမံဆောင်ရွက်မှုကလည်း မရှိမဖြစ် အရေးကြီးပါတယ်။

ကယ်ဆယ်ရေးပစ္စည်းတွေ ပေးပို့မှုကိုတော့ မုန်တိုင်းတိုက်ခတ်ပြီး နောက်တစ်ရက်ဖြစ်တဲ့ မေလ ၁၅ ရက်နေ့ကတည်းက စတင်လုပ်ဆောင်ခဲ့တာပါ။

အဲဒီအချိန်ကနေစပြီး ဇွန်လ ၁၃ ရက်နေ့အထိ တပ်မတော်လေယာဉ်နဲ့

စာမျက်နှာ ၇ သို့ ✪

| ရေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းရောက်ရှိမှု (၁၇-၅-၂၀၂၃ ရက်မှ ၁၃-၆-၂၀၂၃ ရက်အထိ) | | | |
|---|---|---|---|
| စဉ် | ရေယာဉ်အမျိုးအစား | စုစုပေါင်းစင်းရေ | စုစုပေါင်းတန်ချိန် |
| ၁ | တပ်မတော်ရေယာဉ် | ၂၂ | ၄၂၃၂.၈ |
| ၂ | ပုဂ္ဂလိကပိုင်ကုန်တင်ရေယာဉ် | ၁၀ | ၁၅၁၀၁.၆၂၄ |
| | စုစုပေါင်း | ၃၂ | ၁၉၃၃၄.၄၂၄ |

| တပ်မတော်လေယာဉ်ဖြင့် ကယ်ဆယ်ရေးပစ္စည်းရောက်ရှိမှု (၁၅-၅-၂၀၂၃ ရက်မှ ၁၃-၆-၂၀၂၃ ရက်အထိ) | | | |
|---|---|---|---|
| စဉ် | လေယာဉ်အမျိုးအစား | စုစုပေါင်းခေါက်ရေ | စုစုပေါင်းတန်ချိန် |
| ၁ | Y-8 | ၄၃ | ၁၉၆.၀၄၈ |
| ၂ | ATR | ၈၆ | ၂၉၈.၂၀၇ |
| | စုစုပေါင်း | ၁၂၉ | ၄၉၄.၂၅၅ |

## ရေယာဉ်/ လေယာဉ်များဖြင့် ကယ်ဆယ်ရေးပစ္စည်းပေးပို့နိုင်မှုဦးစီးဇယား

❂ စာမျက်နှာ ၆ မှ

ကယ်ဆယ်ရေးပစ္စည်းတွေ ပေးပို့မှုအခြေအနေကို ဦးစွာတင်ပြသွားပါမယ်။

**တပ်မတော်က Y-8 အမျိုးအစား လေယာဉ်ဟာ ပျံသန်းမှုအခေါက်ရေ စုစုပေါင်း ၄၃ ခေါက်နဲ့ ကုန်ပစ္စည်းတန်ချိန် ၁၉၆ ဒသမ ၀၄၈ တန်ကိုလည်းကောင်း၊ ATR အမျိုးအစား လေယာဉ်က အခေါက်ရေ ၈၆ ခေါက် ပျံသန်းပြီး ကုန်ပစ္စည်းတန်ချိန် ၂၉၈ ဒသမ ၂၀၇ တန်ကိုလည်းကောင်း ပို့ဆောင်ပေးနိုင်ခဲ့ပါတယ်။**

**ရေယာဉ်တွေနဲ့ ကယ်ဆယ်ရေးပစ္စည်းတွေ ပို့ဆောင်ပေးနိုင်မှုအခြေအနေကတော့ တပ်မတော်ရေယာဉ် ၂၂ စင်းနဲ့ ကုန်ချိန် ၄၂၃၂ ဒသမ ၈ တန်ကိုလည်းကောင်း၊ ပုဂ္ဂလိကပိုင် ကုန်တင်ရေယာဉ် ၁၀ စင်း နဲ့ ကုန်ချိန် ၁၅၁၀၁ ဒသမ ၆၂၄ တန် ကိုလည်းကောင်း ပို့ဆောင်ပေးနိုင်ခဲ့တာ တွေ့ရပါတယ်။**

အလားတူ ကုန်းကြောင်းမှလည်း တပ်ပိုင်ယာဉ်တွေ၊ အရပ်ဘက်ပိုင်ယာဉ်တွေနဲ့ ကယ်ဆယ်ရေးပစ္စည်းတန်ချိန်များစွာကို ပို့ဆောင်ပေးခဲ့ပါသေးတယ်။

အဲဒီလိုပို့ဆောင်ပေးတဲ့ပစ္စည်းတွေထဲမှာ ဆန်နဲ့စားသောက်ဖွယ်ရာတွေ ပါဝင်တဲ့ စားရေရိက္ခာတွေ၊ ကျန်းမာရေးပစ္စည်းတွေ၊ တည်ဆောက်ရေးပစ္စည်းတွေ အဓိကပါဝင်တာကို တွေ့ရပါတယ်။

### နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှု

မြန်မာနိုင်ငံက အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်တာနဲ့အညီ ပူးပေါင်းဆောင်ရွက်မှုတစ်ရပ်အဖြစ် အရေးပေါ်တုံ့ပြန်မှုနဲ့ ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ (ERAT) ရဲ့ သတင်းထုတ်ပြန်ရေးအဖွဲ့ မြန်မာနိုင်ငံအတွင်းသို့ လာရောက်သတင်းရယူမယ့် ခရီးစဉ်ကို ခွင့်ပြုပေးတဲ့အပြင် မုန်တိုင်းသင့်ဒေသတွေမှာ ကိုယ်တိုင်ကိုယ်ကျ လေ့လာခွင့်ရရှိစေဖို့အတွက် တပ်မတော်လေယာဉ်/ ရဟတ်ယာဉ်တွေနဲ့ ပို့ဆောင်ပြီး ဒေသခံတွေ၊ ဒေသအခြေအနေတွေအပေါ် မျက်မြင်လေ့လာခွင့်တို့ကို အစိုးရဘက်ကလည်း ပူးပေါင်းဆောင်ရွက်ပေးခဲ့ပါတယ်။

ဒါ့အပြင် မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုတွေနဲ့ပတ်သက်ပြီး သတင်းတွေကို အချိန်မီထုတ်ပြန်နိုင်စေဖို့ကိုလည်း ကူညီပေးခဲ့ပါတယ်။

အလားတူ ကုလသမဂ္ဂရဲ့ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး (UN OHCHR) ရဲ့ လုပ်ငန်းတွေအတွက် အစိုးရထံ တင်ပြလာမှုတွေကိုလည်း သက်ဆိုင်ရာ တာဝန်ရှိသူတွေက ခွင့်ပြုပေးပြီး ပူးပေါင်းဆောင်ရွက်ခဲ့ပါတယ်။

နိုင်ငံတကာ ဆက်ဆံရေးလုပ်ငန်းကော်မတီအနေနဲ့ လုပ်ဆောင်မှုတွေက ပြည်ပနိုင်ငံတွေက အစိုးရတွေ၊ အဖွဲ့အစည်းတွေ၊ AHA Centre၊ ပြည်ပရောက်မြန်မာနိုင်ငံသားတွေနဲ့ စေတနာရှင်တွေရဲ့ ထောက်ပံ့ရေးပစ္စည်းတွေ လှူဒါန်းမှု၊ အလှူငွေတွေလှူဒါန်းမှုတို့ကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်။

**ထို့အတူ AHA Centre နဲ့ ထိုင်းနိုင်ငံတို့က မုန်တိုင်းသင့်ဒေသတွေကို လှူဒါန်းတဲ့ကယ်ဆယ်ရေးပစ္စည်းတွေသယ်ဆောင်လာတဲ့စုစုပေါင်း လေယာဉ်ခုနစ်ခေါက်ကို မြန်မာနိုင်ငံအပေါ်မှ ဖြတ်ကျော်ပျံသန်းခွင့်နဲ့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှာ ဆင်းသက်ရပ်နားခွင့်တွေ တောင်းခံလာမှုအပေါ် ခွင့်ပြုချက်တွေ** အချိန်မီ ထုတ်ပြန်ပေးနိုင်ခဲ့ပါတယ်။ AHA Centre အနေနဲ့ မူလကထောက်ပံ့ပစ္စည်းတွေကို လေယာဉ် ၁၉ ခေါက်ပို့ပေးဖို့ ညှိနှိုင်းခဲ့ပေမယ့် လေယာဉ်နဲ့ခုနစ်ခေါက်ပဲ ပို့ဆောင်ခဲ့ပြီး ကျန်တဲ့ပစ္စည်းတွေကိုတော့ မလေးရှားနိုင်ငံက ရေကြောင်းနဲ့ ဆက်လက်ပို့ဆောင်ရေး ညှိနှိုင်းထားတာလည်း ရှိပါတယ်။

နိုင်ငံတကာကူညီမှုတွေ အနေနဲ့ကတော့ အိန္ဒိယနိုင်ငံက မေလ ၁၈ ရက်နေ့နဲ့၊ ၁၉ ရက်နေ့တို့မှာ ထောက်ပံ့ရေးပစ္စည်းနဲ့ စားသောက်ဖွယ်ရာ တန်ချိန် ၂၅ တန်ကို စစ်ရေယာဉ်တွေနဲ့လည်းကောင်း၊ တရုတ်နိုင်ငံအနေနဲ့ ယူနန်ချစ်ကြည်ရေးအသင်းက မေလ ၂၀ ရက်နေ့မှာကျပ်သိန်း ၃၀၀ နဲ့ညီမျှတဲ့ ကူညီထောက်ပံ့ရေးပစ္စည်းတွေနဲ့ စားသောက်ဖွယ်ရာတွေကို ရွှေလီ နယ်စပ်ဂိတ်မှတစ်ဆင့် မော်တော်ယာဉ်တွေနဲ့လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံရုံးက မေလ ၂၂ ရက်နေ့မှာ ကျပ် ၂၇၂ ဒသမ ၂၃ သိန်းနဲ့ ညီမျှတဲ့ ကူညီထောက်ပံ့ရေးပစ္စည်းမျိုးစုံကိုလည်းကောင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ The Fund RC– Investments ကလည်း မေလ ၂၂ ရက်နေ့မှာ မြန်မာနိုင်ငံသံရုံး (မော်စကို)ကို ရူဘယ် ၁ ဒသမ ၅ သိန်းကိုလည်းကောင်း၊ ထိုင်းနိုင်ငံအနေနဲ့ မေလ ၂၃ ရက်နေ့မှာ အစားအစာနဲ့ လူသုံးကုန်ပစ္စည်း တန် ၂၀ ခန့်ကို လေယာဉ်နဲ့လည်းကောင်း၊ မြန်မာနိုင်ငံဆိုင်ရာ ပါကစ္စတန်သံရုံးက မေလ ၂၉ ရက်နေ့မှာ ဆန် ၁၄ တန်နဲ့ စားသောက်ဖွယ်ရာ မျိုးစုံကိုလည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်အစိုးရက ဇွန်လ ၆ ရက်နေ့မှာ ကူညီကယ်ဆယ်ရေးပစ္စည်းနဲ့ စားသောက်ဖွယ်ရာတန်ချိန် ၁၂၀ ခန့်ကိုလည်းကောင်း၊ တရုတ်နိုင်ငံအစိုးရက ဇွန်လ ၁၂ ရက်နေ့မှာ ထောက်ပံ့ရေးပစ္စည်း ပထမအကြိမ်ကိုလည်းကောင်း ပေးပို့ကူညီခြင်းဖြင့် လူသားချင်းစာနာမှု အကူအညီတွေပေးခဲ့ကြပါတယ်။

### သာဓုအကြိမ်ကြိမ် ခေါ်ရမယ့် ပြည်သူလူထုရဲ့အလှူ

ကျွန်တော်တို့ မြန်မာနိုင်ငံသားတွေဟာ သဒ္ဓါတရားကြီးမားကြသူတွေ ဖြစ်တဲ့အလျောက် ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" တိုက်ခတ်သွားချိန်မှာ မုန်တိုင်းဒဏ်သင့်ဒေသတွေအတွက် အလှူငွေတွေကို သဒ္ဓါတရားထက်သန်စွာ ရက်ရက်ရောရော လှူဒါန်းခဲ့ကြတာကို ဝမ်းမြောက်ဖွယ်ရာ တွေ့ရပါတယ်။

အခုလို လှူဒါန်းမှုတွေကလည်း ဘယ်သူတစ်ဦးတစ်ယောက်ရဲ့ အဓမ္မခိုင်းစေမှုမျှမပါဝင်ဘဲ ကိုယ်တိုင်ကိုယ့်စိတ်သဘောကျ လှူဒါန်းကြသူတွေ ဖြစ်နေတာကလည်း မြန်မာပြည်သူတို့ရဲ့ သဒ္ဓါတရားမနည်းတဲ့ စိတ်ဓာတ်ကို အထင်းသား ပေါ်လွင်စေပါတယ်။

**မုန်တိုင်းတိုက်ခတ်ပြီးနောက် မေလ ၁၅ ရက်နေ့မှာပင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ကိုယ်တိုင်ကိုယ်ကျ လက်ရောက်လှူဒါန်းမှုက ငွေကျပ်သိန်းပေါင်း ၁၃၁၈၁၀ သိန်း (၁၃ ဒသမ ၁၈၁ ဘီလီယံကျပ်) ဖြစ်ပါတယ်။**

ဒါဟာ နိုင်ငံတော်ဝန်ကြီးချုပ်ထံကနဦးလှူဒါန်းမှုဖြစ်ပါတယ်။ အဲဒီထဲကမှ ကျပ်သိန်းပေါင်း ၇၀၀၀၀ (၇ ဘီလီယံကျပ်) ကို ရခိုင်ပြည်နယ်အတွင်း ကူညီကယ်ဆယ်ရေးနဲ့ပြန်လည်ထူထောင်ရေးလုပ်ငန်းဆောင်ရွက်နိုင်ဖို့ ရည်ရွယ်ပြီး နိုင်ငံတော်ဝန်ကြီးချုပ်က ပြန်လည်ပေးအပ်ခဲ့ပါတယ်။

တစ်ချိန်တည်းမှာပဲ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီက ပြည်တွင်းက အလှူရှင်တွေသာမက ပြည်ပကအလှူရှင်တွေပါ မုန်တိုင်းဒဏ်သင့် ဒေသတွေအတွက် အလှူငွေတွေ လှူဒါန်းမှုပြုနိုင်စေဖို့ မြန်မာငွေစာရင်းအမှတ်နဲ့ နိုင်ငံခြားငွေစာရင်းအမှတ်တွေကို မေလ ၁၅ ရက်နေ့မှာ ထုတ်ပြန်ကြေညာပေးခဲ့ပါတယ်။

ဒါ့အပြင် အလှူရှင်တွေအနေနဲ့ အခြားသော နည်းလမ်းအမျိုးမျိုးနဲ့ လှူဒါန်းမှုတွေ ပြုလုပ်နိုင်စေဖို့ အီလက်ထရွန်နစ် ငွေပေးချေမှုစနစ်၊ မိုဘိုင်းငွေပေးချေမှု စနစ်တို့အတွက် မေလ ၁၇ ရက်နေ့မှာ အကောင့်တွေ ဖွင့်လှစ်ပြီး ပြည်သူတွေဆီကို အသိပေးကြေညာချက်ထုတ်ပြန်ခဲ့ပါတယ်။

**ဒီလိုမျိုးတွေ ဆောင်ရွက်နိုင်မှုကြောင့် မေလ ၁၅ ရက်နေ့မှ ဇွန်လ ၁၃ ရက်နေ့အထိ DMC ရုံးအပါအဝင် ပြည်ထောင်စု ဝန်ကြီးဌာနတွေ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့တွေ၊ တိုင်းစစ်ဌာနချုပ်တွေ၊ ဘဏ်တိုက်ရိုက်အလှူရှင်တွေဆီကနေ ပေးပို့လာတဲ့စာရင်းတွေအရ မြန်မာငွေကျပ် ၂၆၉၃၆၉၃၈၅၀၇ (၂၆ ဒသမ ၉၃၆ ဘီလီယံကျပ်)၊ နိုင်ငံခြားငွေ အမေရိကန်ဒေါ်လာ ၅၁၆၁၇၇ ဒသမ ၉၆ ဒေါ်လာအထိ အလှူငွေလက်ခံ ရရှိခဲ့တာကို တွေ့ရပါတယ်။**

**အလားတူကာလအတွင်း မြန်မာ့စီးပွားရေးဘဏ်မှပေးပို့တဲ့ ဘဏ်စာရင်းတွေအရ အဲဒီဘဏ်မှာ အလှူငွေဝင်ရောက်မှု စုစုပေါင်းမှာ မြန်မာငွေကျပ် ၃၀၀၂၁၃၀၈၉၉၀ ဒသမ ၁၀ (၃၀ ဒသမ ၀၂၁ ဘီလီယံကျပ်) ဖြစ်ပါတယ်။ KBZ Pay၊ Wave Money၊ AYA Pay၊ OK$၊ CB Pay၊ UAB Pay Account တွေကနေ အလှူငွေအဖြစ် မြန်မာငွေ ၁၈၁၄၂၂၄၀ ဒသမ ၃၁ ကျပ်ကို ရရှိထားပါတယ်။**

ထို့အတူ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ပြည်တွင်း၊ ပြည်ပကလှူဒါန်းတဲ့အလှူငွေတွေ၊ ထောက်ပံ့ရေးပစ္စည်းတွေကို မုန်တိုင်းဒဏ်သင့်ဒေသတွေက ပြည်သူတစ်ဦးတစ်ယောက်မှ မကျန် ရှိစေရေး ပြန်လည်ပေးအပ်ပြီးကူညီ ဆောင်ရွက်ပေးသွားမှာဖြစ်တယ်လို့ ဆိုထားပါတယ်။

**ဖော်ပြခဲ့တဲ့အလှူငွေတွေက ငွေသားသက်သက်သာဖြစ်ပြီး ပစ္စည်းလှူဒါန်းမှုတန်ဖိုးမပါသေးပါဘူး။ ဒါ့အပြင် အစိုးရထံက ခွင့်ပြုချက်ရယူပြီး လုပ်ဆောင်တဲ့ စီးပွားရေး လုပ်ငန်းရှင်ကြီးတွေရဲ့ ရက်ပေါင်းများစွာကြာ စတုဒိသာကျွေးမွေးမှုတွေလည်း မပါသေးပါဘူး။ ဒါတွေကိုသာ ထည့်တွက်လိုက်မယ်ဆိုရင် ကျွန်တော်တို့ မြန်မာပြည်သူတွေရဲ့ သဒ္ဓါတရားက သာဓုအကြိမ်ကြိမ် ခေါ်ဆိုထိုက်လောက်ပါပေတယ်။**

ဒါကြောင့် အဆုံးသတ်အနေနဲ့ နိဂုံးချုပ်ရရင် DMC ရဲ့ ဦးဆောင်မှုအောက်မှာ ဆောင်ရွက်ခဲ့တဲ့ ရှာဖွေကယ်ဆယ်ရေးနဲ့ ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေ အောင်မြင်မှု ရှိ၊ မရှိဆိုတာ မုန်တိုင်းဒဏ်သင့်ဒေသအားလုံးကို ယခင်ခန့်မှန်းထားတာထက် ပိုစောပြီး အမိုးအကာအောက်ရောက်အောင် ဆောင်ရွက်ပေးနိုင်ခဲ့တာကို ကြည့်ခြင်းအားဖြင့် တွေ့နိုင်ပါတယ်။

အလားတူ ပညာရေးမှာ ကျောင်းသားကျောင်းသူတွေအတွက် စာသင်ကျောင်းတွေကို ရာနှုန်းပြည့် ဖွင့်လှစ်ပေးနိုင်ခဲ့မှု၊ ကျောင်းသား ကျောင်းသူဦးရေ လေးသိန်းကျော် စာသင်ယူနိုင်မှုအခြေအနေ၊ ကျန်းမာရေး စောင့်ရှောက်မှုကို ထိရောက်စွာ ဆောင်ရွက်ပေးနိုင်မှုအခြေအနေ၊ ဆက်သွယ်ရေးကွန်ရက်တွေ အမြန်ဆုံးချိတ်ဆက်နိုင်မှုအခြေအနေ၊ လျှပ်စစ်မီး ဖြန့်ဖြူးပေးနိုင်ရေးဆောင်ရွက်မှုအခြေအနေ အစရှိတဲ့ အခြေအနေအရပ်ရပ်တို့ကို ကြည့်ခြင်းအားဖြင့်လည်း တွေ့မြင်နိုင်ပါတယ်။

ဒါ့အပြင် "တိုင်းပြည်၏ အားသည် ပြည်တွင်းမှာသာရှိသည်" ဆိုတဲ့အတိုင်း ကိုယ့်ပြည်သူတွေ အမှန်တကယ်ဒုက္ခရောက်နေချိန်မှာ အဆင်ပြေတဲ့ ပြည်သူတွေက တစ်ယောက်တစ်လက် ညီညာအားဖြင့် ပေါင်းစုစည်းရုံးကာ လှူဒါန်းပေးမှုတွေ၊ ကာယအားနဲ့ ကူညီပေးမှုတွေ၊ အနုပညာအားနဲ့ ကူညီပေးမှုတွေဟာ ကမ္ဘာတည်သရွေ့ သမိုင်းမှတ်တမ်း ဝင်နေဦးမှာဖြစ်ကြောင်း ကယ်ဆယ်ရေးနဲ့ပြန်လည်ထူထောင်ရေးလုပ်ငန်းတွေမှာ ပါဝင်သူတွေအားလုံးကို "မိုခါအလွန် ကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆီသို့" ဆိုတဲ့ ဆောင်းပါးနဲ့ ဂုဏ်ယူလေးစားကြောင်း ရေးသားဖော်ပြလိုက်ရပါတယ်။ ။



သာသနိကအဆောက်အအုံများပျက်စီးမှုကို ကူညီကယ်ဆယ်ရေးအဖွဲ့များက ရှင်းလင်းဖယ်ရှားပေးနေစဉ်။

# မိုခါမုန်တိုင်းဒဏ်သင့်ပြည်သူများအား ထောက်ပံ့ကူညီနိုင်ရေး ရန်ပုံငွေရရှိစေရန် ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြသူများကို ဂုဏ်ပြုသည့်အခမ်းအနား ကျင်းပ

ရန်ကုန် ဇွန် ၁၉

မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအား ထောက်ပံ့ကူညီနိုင်ရေး ရန်ပုံငွေရရှိရန် ပါဝင်ဆောင်ရွက်ပေးခဲ့ကြသူများကို ဂုဏ်ပြုသည့် အခမ်းအနားကို ယနေ့နံနက်ပိုင်း၌ ရန်ကုန်မြို့ ဗဟန်းမြို့နယ်ရှိ SKY STAR HOTEL ၌ ကျင်းပသည်။

မိုခါမုန်တိုင်းဒဏ်သင့် ပြည်သူများအား ကူညီထောက်ပံ့နိုင်ရေးအတွက် ရုပ်ရှင်၊ ဂီတ၊ သဘင်အနုပညာရှင်များ၏ ပဒေသာကပွဲကို ဇွန် ၂ ရက်၊ ၃ ရက်နှင့် ၄ ရက်တို့တွင် ရန်ကုန်မြို့ရှိ အမျိုးသားကဇာတ်ရုံ၌ စုပေါင်းဖျော်ဖြေတင်ဆက်၍ ရန်ပုံငွေရှာဖွေခဲ့ကြသည်။

အလားတူ ဇွန် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် မိုခါမုန်တိုင်း သဘာဝဘေးအန္တရာယ် ပြန်လည်ထူထောင်ရေး လေးပွင့်ဆိုင်ရန်ပုံငွေ ဘောလုံးပြိုင်ပွဲကို ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏအားကစားကွင်း၌ ကျင်းပရာ ရုပ်ရှင်အသင်း(MOVIE FC)၊ ဂီတအသင်း( MUSIC FC)၊ ညွန့်ပေါင်းအသင်း (OLD STAR FC)၊ FOREVER FC အသင်းတို့ ပါဝင်ယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ်များ တစ်ခဲနက်လာရောက်အားပေးကာ စေတနာသဒ္ဓါတရား ထက်သန်စွာ အလှူငွေများ ထည့်ဝင်လှူဒါန်းခဲ့ကြသည်။ မကြာမီကာလတွင် အဆိုပါ ရန်ပုံငွေပွဲများမှ လှူဒါန်းရရှိငွေများအား အနုပညာရှင်များ၊ အတတ်ပညာရှင်များက ရခိုင်ပြည်နယ်သို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက် လှူဒါန်းကြမည်ဟု သိရသည်။

**တက်ရောက်**

ဂုဏ်ပြုပွဲ အခမ်းအနားသို့ ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး ဦးမောင်မောင်အုန်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ရုပ်ရှင်၊ ဂီတ၊ သဘင်နှင့် ဟာသပညာရှင်များ အစည်းအရုံးတို့မှ နာယက၊ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ အနုပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံ့ဂုဏ်ဆောင်လက်ရွေးစင်ဘောလုံးသမားဟောင်းများ၊ မိုခါမုန်တိုင်း ဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးတွင် လှူဒါန်းထောက်ပံ့ခဲ့ကြသည့် အလှူရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ကြသည်။

ဦးစွာ မိုခါမုန်တိုင်း မကျရောက်မီကြိုတင်ပြင်ဆင်မှု၊ မုန်တိုင်းကျရောက်စဉ် အရေးပေါ်တုံ့ပြန်မှုနှင့် ကူညီကယ်ဆယ်ရေး ဆောင်ရွက်မှု၊ မုန်တိုင်းကျရောက်ပြီးနောက် အပျက်အစီးများ ရှင်းလင်းဖယ်ရှားမှုနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှု၊ နိုင်ငံ့အကြီးအကဲများကိုယ်တိုင် သွားရောက်၍ စီမံလုပ်ဆောင်မှု၊ ဝန်ကြီးဌာနများက သက်ဆိုင်ရာကဏ္ဍများအလိုက် အလျင်အမြန် အကောင်အထည်ဖော်ဆောင်ရွက်နေမှု၊ ပြည်တွင်း/ပြည်ပ အလှူရှင်များက ဆက်သွယ်ပေးပို့ လှူဒါန်းမှု၊ မုန်တိုင်းဒဏ်သင့်ဒေသများရှိ ပြည်သူများအား အနုပညာရှင်များ သွားရောက်တွေ့ဆုံလှူဒါန်း၍ အားပေးစကားပြောကြားမှု၊ ရုပ်ရှင်၊ ဂီတ၊ သဘင်၊ ဟာသ အစည်းအရုံးတို့ ပူးပေါင်း၍ ရန်ပုံငွေရှာဖွေရေး ပဒေသာကပွဲကျင်းပမှု၊ မြန်မာ့လက်ရွေးစင်ဘောလုံးသမားဟောင်းများနှင့် အနုပညာရှင်များ ပူးပေါင်း၍ ရန်ပုံငွေ ဘောလုံးပွဲနှင့် ဂီတဖျော်ဖြေပွဲကျင်းပမှု၊ သဘာဝဘေးအန္တရာယ်ကျရောက်မှုကို စည်းလုံးမှု စုပေါင်းစွမ်းအားဖြင့် တုံ့ပြန်ဖြေရှင်းဆောင်ရွက်နိုင်မှု သရုပ်ဖော် Video Clip ကို ဖွင့်လှစ်ပြသရာ စုပေါင်းကြည့်ရှုအားပေးကြသည်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ထို့နောက်ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက နှုတ်ခွန်းဆက်စကား ပြောကြားရာ၌ မေ ၁၄ ရက်က အလွန့်အလွန် အားကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်း မိုခါတိုက်ခတ်ခံရသည့်အတွက် ရခိုင်ပြည်နယ်တွင် ထိခိုက်ပျက်စီးဆုံးရှုံးမှုများခဲ့ခြင်းကြောင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို သက်ဆိုင်ရာ မြို့နယ်အလိုက် လူအင်အား၊ စက်ကိရိယာ အင်အားများဖြင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ နိုင်ငံတစ်ဝန်းမှ စာနာထောက်ထားသောအားဖြင့် အလှူငွေများ ပါဝင်လှူဒါန်းလျက်ရှိပါကြောင်း၊ ရုပ်ရှင်၊ သဘင်၊ ဂီတ၊ ဟာသ အနုပညာရှင်၊ အတတ်ပညာရှင်များက စိတ်ရင်းစေတနာမှန်စွာဖြင့် ကူညီကယ်ဆယ်ရေး၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် တစ်တပ်တစ်အား ပါဝင်ပူးပေါင်းဆောင်ရွက်ခဲ့ကြသည့်အတွက် များစွာဝမ်းမြောက်ပီတိဖြစ်ရပါကြောင်း၊ နောင်လာမည့် အနာဂတ်တွင်လည်း နိုင်ငံနှင့် လူမျိုးအကျိုးအတွက် ဆက်လက်လက်တွဲ ပူးပေါင်း ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက မုဒိတာစကားပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးကြည်စိုးထွန်း၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)ဥက္ကဋ္ဌ ဦးလွင်မြင့်၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို) နာယက ဦးချမ်းသာ၊ မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး အတွင်းရေးမှူး ဦးချစ်စုနှင့် မိုခါရန်ပုံငွေဘောလုံးပွဲနှင့် တေးဂီတဖျော်ဖြေပွဲ ကျင်းပရေးကော်မတီဥက္ကဋ္ဌ ဦးနေလင်းဦးတို့က ဝမ်းမြောက်စကား ပြောကြားကြသည်။

**တည်ခင်းဧည့်ခံ**

ထို့နောက် တက်ရောက်လာကြသူများအား လက်ဖက်ရည်ပွဲဖြင့် တည်ခင်းဧည့်ခံသည်။

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က အနုပညာရှင်၊ အတတ်ပညာရှင်များ၊ နိုင်ငံ့ဂုဏ်ဆောင်လက်ရွေးစင်ဘောလုံးသမားဟောင်းများနှင့် တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြသည်။ **သတင်းစဉ်**



# စိုက်ပျိုးရာသီအလိုက် ရာသီအမီ တောင်သူများလိုအပ်လျက်ရှိသော သွင်းအားစုများအား ဈေးနှုန်းသက်သာစွာ အချိန်မီဝယ်ယူအသုံးပြုရရှိနိုင်ရေးအတွက် စိစစ်ထောက်ခံ ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဇွန် ၁၉

ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ ယူရီးယားမြေဩဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီဥက္ကဋ္ဌ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးနှင့်အတူ ကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံမျိုးစေ့၊ မြေဩဇာနှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ယခုမိုးရာသီ စိုက်ပျိုးရာသီအလိုက် ရာသီအမီ တောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် လိုအပ်လျက်ရှိသည့် အရည်အသွေးနှင့် စံချိန်စံညွှန်းပြည့်ဝသော ဓာတ်မြေဩဇာများနှင့် သွင်းအားစုများအား ဈေးနှုန်းသက်သာစွာ အချိန်မီဝယ်ယူအသုံးပြုရရှိနိုင်ရေးအတွက် မိမိတို့ ဦးဆောင်ကော်မတီမှ စိစစ်ထောက်ခံဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆောင်းပဲတီစိမ်းစိုက်ဧက ငါးသိန်းနှင့် နွေစပါးဧက ၈ ဒသမ ၅ သိန်းစိုက်ပျိုးထုတ်လုပ်ရေးစီမံကိန်းများတွင် လိုအပ်သော ဓာတ်မြေဩဇာများနှင့် သွင်းအားစုများကို ရရှိနိုင်အောင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ၂၀၂၃-၂၀၂၄ ခုနှစ်တွင် အဓိကစိုက်ပျိုးသော သီးနှံ ၁၀ မျိုးအတွက် စိုက်ဧက ၃၃ ဒသမ ၇၈ သန်းရှိရာ လိုအပ်သည့် သွင်းအားစု စုစုပေါင်းတန်ချိန် ၄ ဒသမ ၁၃ သိန်းတန်ချိန်သုံးစွဲရန် လိုအပ်မည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မိုးစပါးစီမံကိန်းအတွက် တိုင်းဒေသကြီး လေးခုရှိ လျာထားဧက ၅ ဒသမ ၃ သိန်းရှိပြီး မြေဩဇာလိုအပ်ချက် စုစုပေါင်းတန်ချိန် ၇၉၅၀၀ လိုအပ်မည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ မြေဩဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းနှင့် ညှိနှိုင်းပြီး ရည်ညွှန်းဈေးနှုန်းကို နှစ်ပတ်လျှင်တစ်ကြိမ် ပုံမှန်ထုတ်ပြန်ပေးလျက်ရှိရာ ယခုဇွန် ၁၆ ရက်မှ ၃၀ ရက်အတွင်း ယူရီးယား ၅၀ ကီလိုတစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀၊ ကွန်ပေါင်း ၅၀ ကီလို တစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀၀ နှုန်းဖြင့် ရန်ကုန်အထိုင်ဈေးနှုန်းအဖြစ် ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း၊ ယခု နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် မိုးစပါးစီမံကိန်းအတွက် မြန်မာနိုင်ငံ မျိုးစေ့၊ မြေဩဇာနှင့် စိုက်ပျိုးရေးဆေး လုပ်ငန်းရှင်များအသင်းမှ သက်သာသောအထူးဈေးနှုန်းဖြင့် ရောင်းချပေးနိုင်ရေး ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ မျိုးစေ့၊ မြေဩဇာနှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူတစ်ဦးက သွင်းကုန်လိုင်စင်ရရှိမှု၊ တင်သွင်းရောက်ရှိမှု၊ ဖြန့်ဖြူးရောင်းချပြီးစီးမှု၊ ယခု မိုးစပါးစီမံကိန်းအတွက် တင်သွင်းရန် လိုအပ်မှုများကို ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသော ဦးဆောင်ကော်မတီအဖွဲ့ဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး တောင်သူများ၏ စိုက်ပျိုးရေးကဏ္ဍအတွက် အဓိကလိုအပ်ချက်ဖြစ်သည့် ယူရီးယားမြေဩဇာ သွင်းအားစုများ အချိန်မီတင်သွင်းဝယ်ယူဖြန့်ဖြူးရောင်းချနိုင်ရေးအတွက် သက်ဆိုင်ရာ တာဝန်ရှိသူအားလုံးက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။ **သတင်းစဉ်**




# မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်၏ နှစ်(၇၀)ပြည့်အထိမ်းအမှတ် ရိုးရာခြင်းလုံးအလှခတ်ပွဲ ကျင်းပ

ပုဂံ ဇွန် ၁၉

မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်၏ နှစ်(၇၀)ပြည့်အထိမ်းအမှတ် ရိုးရာခြင်းလုံးအလှခတ်ပွဲကို ပုဂံမြို့ရှိခြင်းချစ်သူ ခြင်းလုံးအားကစားရုံ၌ ဇွန် ၁၇ ရက် နံနက်ပိုင်းက ပြုလုပ်သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံရိုးရာခြင်းလုံးအဖွဲ့ချုပ်နာယက ဦးစိုးတင့်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး ဥက္ကဋ္ဌ ဦးသက်လွင်က အမှာစကားပြောကြားကာ ဒုတိယဥက္ကဋ္ဌ ဦးဝင်းတင့်က အဖွဲ့ချုပ်၏ လုပ်ငန်းအစီအစဉ်များ၊ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသက်လွင်နှင့် တာဝန်ရှိသူများက အသက် ၇၅ နှစ်အထက် ခြင်းလုံးအားကစားသမားများအား ဂါရဝပြုလက်ဆောင်ပစ္စည်းများ ပေးအပ်ပြီး မြန်မာနိုင်ငံ ရိုးရာခြင်းလုံးအဖွဲ့ချုပ်၏ နှစ်(၇၀)ပြည့်အထိမ်းအမှတ်အဖြစ် ရိုးရာခြင်းလုံးအလှခတ်မှုများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြောင်း သိရသည်။

**လင်းရာမ**

# မုန်တိုင်းသင့် ရခိုင်ပြည်နယ်၌ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများ၊ အဆောက်အအုံ ပြင်ဆင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဇွန် ၁၉**

မုန်တိုင်းသင့် ရခိုင်ပြည်နယ်၌ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများ၊ အဆောက်အအုံ ပြင်ဆင်ရေး လုပ်ငန်းများနှင့် စပ်လျဉ်းသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း ဦးဆောင်၍ယနေ့ တွင် ကျန်းမာရေးဝန်ကြီးဌာန Central Command Center ၌ ကျင်းပသည်။




အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော အဆောက်အအုံ ပြင်ဆင်ရေးအတွက် ကျန်ရှိနေသည့်လုပ်ငန်းများကို အမြန်ဆောင်ရွက်ပြီးစီးနိုင်ရေးအတွက် လိုအပ်သည်များကို ပံ့ပိုးဆောင်ရွက်မည်ဖြစ်ကြောင်း၊ လိုအပ်သည့် ဆေးရုံသုံးပစ္စည်းများ၊ ကျန်းမာရေး ဝန်ထမ်းအင်အား ဖြည့်ဆည်းခြင်းနှင့် လိုအပ်ချက်များ ဖြည့်ဆည်းခြင်းကို ဝန်ကြီးဌာနအနေဖြင့် ရေတို၊ ရေရှည် လုပ်ငန်းများသတ်မှတ်၍ အမြန်ဆုံး ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဆေးကုသရေးလုပ်ငန်းများတွင် လူနာများအား သတ်မှတ် စံနှုန်းများနှင့်အညီ ထားရှိကုသပေးနိုင်ရေးအတွက် လူနာဆောင်များ တိုးချဲ့ခြင်း၊ လူနာခုတင်များ သတ်မှတ် အကွာအဝေးအတိုင်းထားရှိခြင်း၊ ဆေးနှင့်ဆေးပစ္စည်းများ ဖြည့်ဆည်းခြင်းတို့ကို ဆောင်ရွက်ရန်၊ ဆေးရုံများ၌ရောဂါပိုးကူးစက်မှုကာကွယ်နိုင်ရေးအတွက် သန့်ရှင်းရေး လုပ်ငန်းများ ဆောင်ရွက်ရန်၊ လူနာများ ဆေးရုံတက်ရောက် ကုသမှုခံယူရာတွင် စိတ်အေးချမ်းသာစွာဖြင့် ကုသမှုခံယူနိုင်စေရေးအတွက် ဆေးရုံများ၏ ဥပဓိရုပ်ကောင်းမွန်စေရေးကိုလည်း ဆက်လက် ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဆေးကုသရေးလုပ်ငန်းများ အင်အားပြည့် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည့် အထူးကု ဆရာဝန်များကိုလည်း စိစစ် ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း၊ အထူးကုဆေးအဖွဲ့များကိုလည်း စေလွှတ်၍ ကျန်းမာရေးစောင့်ရှောက်မှုများ ကူညီဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆောက်အအုံများ ပြင်ဆင်မှု ဆောင်ရွက်ရာတွင် အရေးပေါ်အခြေအနေ၌ လျင်မြန်စွာ ဆောင်ရွက်ရသော်လည်း လုပ်ထုံး လုပ်နည်းနှင့်အညီ ဆောင်ရွက်ရန်နှင့် လိုအပ်သော စာရွက်စာတမ်းများ ပြည့်စုံစွာ စီစဉ်ဆောင်ရွက်ကြရန်နှင့် အလေအလွင့်မရှိအောင် ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ အမြန်ဆုံးပြီးစီးစေရေးအတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ရခိုင်ပြည်နယ်ရှိ မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးများက မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် အဆောက်အအုံများ ပြင်ဆင်ရေးနှင့်ပတ်သက်၍ မြို့နယ်အလိုက် လုပ်ငန်းတစ်ခုချင်းစီအတွက် အသေးစိတ် တွက်ချက်မှုများနှင့် ကုသရေးလုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က ပြန်လည်ဆွေးနွေးမှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## စစ်တွေမြို့ရှိ အိမ်တွင်းမှုသက်မွေးပညာသင်ကျောင်း၊ မူလတန်းကြိုကျောင်း၊ One Stop Women Support Centre နှင့် ပြည်နယ်သိုလှောင်ရုံ(ယာယီ)တို့ ပြန်လည်ပြင်ဆင်

**နေပြည်တော် ဇွန် ၁၉**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်သက်ခိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် စစ်တွေမြို့ရှိ အိမ်တွင်းမှုသက်မွေးပညာသင်ကျောင်း ခေါင်မိုး မိုးခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်ရန်ကျန်ရှိမှုအခြေအနေ၊ စစ်တွေမြို့ မူလတန်းကြိုကျောင်း ပြန်လည်ဖွင့်လှစ်ပြီး ကလေးငယ်များကို လက်ခံသင်ကြားနေမှုအခြေအနေ၊ One Stop Women Support Centre (OSWSC) ဖွင့်လှစ်ထားမှု အခြေအနေနှင့် ပြည်နယ် လူမှုဝန်ထမ်းရုံး ပြန်လည် ပြင်ဆင်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးရာ ပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။



ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက သန့်ရှင်းရေး အထူးဂရုပြုဆောင်ရွက်ရန်၊ Site Cleaning လုပ်ငန်းများ စနစ်တကျ ကြပ်မတ်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် စက်ရုံစုရပ်ကွက်ရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ပြည်နယ်သိုလှောင်ရုံ (ယာယီ) ပြန်လည်ပြင်ဆင်ထားရှိမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပြည်နယ်ဦးစီးမှူးနှင့် လုပ်ငန်းတာဝန်ခံတို့က ခေါင်မိုးလုပ်ငန်းပြီးစီးမှုနှင့် မျက်နှာကြက်လုပ်ငန်း ဆက်လက်ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ အမြန်ပြီးစီးရေး Site Cleaning လုပ်ငန်းများကို ဂရုပြု ကြပ်မတ်ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မလက်တိုကျေးရွာ၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲ ကျင်းပ

**မအူပင် ဇွန် ၁၉**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ် မလက်တိုကျေးရွာတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်ပွဲကို ဇွန် ၁၈ ရက်က မလက်တိုကျေးရွာအုပ်ချုပ်ရေးမှူးရုံး၌ ကျင်းပသည်။

ဦးစွာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးအောင်ကျော်ဦးက အဖွင့်အမှာစကားပြောကြားပြီး မအူပင်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ဆွေဇင်အေးက အလုပ်အကိုင် အခွင့်အလမ်းများရရှိစေရန်၊ တစ်ပိုင်တစ်နိုင်ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ထူထောင်လုပ်ကိုင်နိုင်ပြီး မိသားစုဝင်ငွေတိုးစေရန်နှင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းပြီး စံချိန်စံညွှန်းမီသည့်ကုန်ပစ္စည်းများ ထုတ်လုပ်တတ်စေရန် သင်တန်းအား ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ဆပ်ပြာအမျိုးမျိုး၊ ခေါင်းလျှော်ရည်၊ လက်သန့်ဆေးရည်၊ မျက်နှာသစ်ဆပ်ပြာခဲလုပ်နည်းများကို စာတွေ့လက်တွေ့အခမဲ့ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ ဇွန် ၁၈ ရက်မှ ၂၂ ရက်အထိ ငါးရက်တာကာလဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## ရှမ်းပြည်နယ်ဝန်ကြီးချုပ် ညောင်ရွှေမြို့ နဒီကန်အတွင်း ငါးမျိုး စိုက်ထည့်ပေး

**ညောင်ရွှေ ဇွန် ၁၉**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ ပြည်နယ်ဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများသည် ဇွန် ၁၉ ရက် နံနက် ၉နာရီက ညောင်ရွှေ ငါးလုပ်ငန်းစခန်းရှိ နဒီကန်အတွင်း ငါးမျိုးစိုက်ထည့်ပေးကြပြီး ညောင်ရွှေမြို့ ငါးလုပ်ငန်းစခန်းရှိ သဘာဝ ငါးမျိုးစိုက်ပြခန်းနှင့် ငါးဖိန်းမွေးကန်အား ကြည့်ရှုကြကြောင်း သိရသည်။

အဆိုပါ နဒီကန်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းတွင် ငါးမြစ်ခြင်း ၅၀၀၀၀၊ ငါးခုံးမ ၅၀၀၀၀၊ ငါးဖိန်မျိုး တစ်သိန်း စိုက်ထည့်ပေးကြကြောင်း သိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ရှမ်းပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (တောင်ကြီးမြို့) လူထုအခြေပြုဗဟိုဌာနသို့သွားရောက်၍ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ပြတိုက်ငယ်၊ ကလေးစာဖတ်ခန်း၊ စာကြည့်တိုက်ခန်းမ၊ ကွန်ပျူတာခန်းမ၊ အားကစားခန်းမ၊ သင်တန်းခန်းမ၊ဘက်စုံသုံးခန်းမ၊ဟင်းလင်းပြင်ကစားသည့်နေရာတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် အစည်းအဝေးခန်းမတွင် ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးညွှန့်ရွှေက လူထုအခြေပြုဗဟိုဌာနနှင့်ပတ်သက်၍ ရှင်းလင်းပြီး ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ရုံးလုပ်ငန်းနှင့်ပတ်သက်၍ ရည်မှန်းချက်အတိုင်း ကြိုးစားဆောင်ရွက်ရန်နှင့် လုပ်ငန်းလျာထားချက်မကျစေရေး ထိန်းသိမ်းကြိုးစားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# စစ်ကိုင်းတိုင်းဒေသကြီးမှ နိုင်ငံ့လက်ရွေးစင် အားကစားသမားများနှင့် အုပ်ချုပ်/နည်းပြများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲ ကျင်းပ

မုံရွာ ဇွန် ၁၉

(၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသော စစ်ကိုင်းတိုင်းဒေသကြီးမှ နိုင်ငံ့လက်ရွေးစင် အားကစားသမားများနှင့် အုပ်ချုပ်/နည်းပြများအား ဂုဏ်ပြုချီးမြှင့်ပွဲ အခမ်းအနားကို ဇွန် ၁၉ ရက် မွန်းလွဲပိုင်းတွင် မုံရွာမြို့ တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးဝင်းအတွင်းရှိ ချင်းတွင်းခန်းမ၌ ကျင်းပသည်။




ဦးစွာတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် မိမိတို့တိုင်းဒေသကြီးမှ နိုင်ငံ့ဂုဏ်ဆောင် အားကစားသမား ၁၆ ဦး၊ အုပ်ချုပ်သူ တစ်ဦး၊ နည်းပြ သုံးဦး စုစုပေါင်း ၂၀ ပါဝင်ခဲ့ရာ ရွှေတံဆိပ် သုံးခု၊ ငွေတံဆိပ် ၁၀ ခု၊ ကြေးတံဆိပ် ရှစ်ခု စုစုပေါင်း ဆုတံဆိပ် ၂၁ ခု ရယူပေးခဲ့သည့်အတွက် ဝမ်းသာဂုဏ်ယူပါကြောင်း။

ယခုအောင်မြင်မှုတွင် ရပ်တန့်မနေဘဲ နောင်နှစ်များတွင် ယခုထက်ပိုမိုအောင်မြင်အောင် စွမ်းဆောင်ပြီး တိုင်းဒေသကြီး၏ဂုဏ်ကို အားကစားဖြင့် ဆတက်ထမ်းပိုး မြှင့်တင်နိုင်ကြပါရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က လေ့လော့်ပြိုင်ပွဲတွင် ရွှေတစ်၊ ငွေလေး၊ ကြေး နှစ် ရရှိသော မောင်အောင်ဖြိုးဟိန်းအား ဂုဏ်ပြုဆုငွေကျပ် ၄၈၀၀၀၀၀၊ ခြင်းလုံးပြိုင်ပွဲတွင် ရွှေတစ်၊ ငွေတစ်ရရှိသော မငြိမ်းအိမ့်မွန်အား ဂုဏ်ပြုဆုငွေကျပ် ၁၇၀၀၀၀၀နှင့် တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ရွှေရရှိခဲ့သော မောင်ကျော်မင်းနိုင်အား ဂုဏ်ပြုဆုငွေကျပ် ၁၀၀၀၀၀၀ ကို ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ တိုင်းဒေသကြီး တရားသူကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင်များက (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် ငွေတံဆိပ်၊ ကြေးတံဆိပ် ရရှိခဲ့ကြသော အားကစားသမားများနှင့် အုပ်ချုပ်/နည်းပြများထံ ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသော စစ်ကိုင်းတိုင်းဒေသကြီးမှ နိုင်ငံ့လက်ရွေးစင်အားကစားသမားများကိုယ်စား မငြိမ်းအိမ့်မွန်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ပြိုင်ပွဲဝင်အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးပြီး တာဝန်ရှိသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

အဆိုပါ (၃၂)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် နိုင်ငံ့ဂုဏ်ဆောင်ခဲ့ကြသော စစ်ကိုင်းတိုင်းဒေသကြီးမှ နိုင်ငံ့လက်ရွေးစင် အားကစားသမားများနှင့် အုပ်ချုပ်/ နည်းပြများအား တိုင်းဒေသကြီးအစိုးရအဖွဲ့က ရွှေတံဆိပ်ဆုရ အားကစားသမားအား ဂုဏ်ပြုဆုငွေ ကျပ် ၁၀ သိန်း၊ ငွေတံဆိပ်ဆုရ အားကစားသမားအား ဂုဏ်ပြုဆုငွေကျပ် ခုနစ်သိန်း၊ ကြေးတံဆိပ်ဆုရ အားကစားသမားအား ဂုဏ်ပြုဆုငွေကျပ် ငါးသိန်း စုစုပေါင်းဂုဏ်ပြုဆုငွေကျပ် ၁၉၃၀၀၀၀၀ ကို ပေးအပ်ချီးမြှင့်သည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ဆန်စပါးကြိတ်ခွဲထုတ်လုပ်ရေးနည်းပညာဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းဖွင့်လှစ်

နေပြည်တော် ဇွန် ၁၉

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စက်မှုဝန်ကြီးဌာန မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များအသင်းတို့ပူးပေါင်း၍ ဆန်စပါးကြိတ်ခွဲထုတ်လုပ်ရေးနည်းပညာဆိုင်ရာ ကျွမ်းကျင်မှုသင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာရှိ ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေးစီမံခန့်ခွဲမှုဌာနစု (CTQM) သင်တန်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညွန့်အောင်၊ စားသုံးသူရေးရာဦးစီးဌာန၊ စက်မှုပူးပေါင်းဆောင်ရွက်ရေး ဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် မြန်မာနိုင်ငံ ဆန်စက်လုပ်ငန်းရှင်များ အသင်းတို့မှ တာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသားများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးက ယခုသင်တန်းကို ဆန်စပါး စိုက်ပျိုးထုတ်လုပ်၊ ကြိတ်ခွဲ၊ သိုလှောင်၊ တင်ပို့ရောင်းချခြင်း တန်ဖိုးကွင်းဆက်လုပ်ငန်းစဉ်တစ်လျှောက်တွင် ပါဝင်ဆောင်ရွက်မည့်သူများ အထူးသဖြင့် ဆန်စက်အင်ဂျင်နီယာများ၊ ဆန်စက်ကိုင်တွယ် မောင်းနှင်သူများ၏ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေရေး၊ ဆန်စက်အခြေခံနည်းပညာများနှင့် ခေတ်မီ ဆန်စက်နည်းပညာများကို လက်ဆင့်ကမ်း မျှဝေနိုင်စေရေး၊ ရိတ်သိမ်းချိန်လွန် ကဏ္ဍတွင် ဆန်အရည်အသွေးနှင့် ပတ်သက်ပြီး ကြုံတွေ့နေရသည့်ပြဿနာများကို ထိရောက်စွာ ကိုင်တွယ်ဖြေရှင်းနိုင်စေရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ကြောင်း။

သင်တန်းတွင် ဆန်စပါးမျိုးကောင်း မျိုးသန့်စိုက်ပျိုးထုတ်လုပ်ခြင်းနည်းပညာ၊ ဆန်စပါး ရိတ်သိမ်းချိန်လွန်နည်းပညာ၊ ဆန်အရောင်တင်ခြင်းနှင့် အရောင်ရွေးခြင်းနည်းပညာ၊ ပေါင်းဆန်ထုတ်လုပ်ခြင်းနည်းပညာ၊ ဖွဲနုဆီထုတ်လုပ်ခြင်း နည်းပညာများ၊ ခေတ်မီဆန်စက်များ ကိုင်တွယ်မောင်းနှင်ခြင်း၊ ထုတ်လုပ်မှုအလေ့အကျင့်ကောင်းများနှင့် မြန်မာ့ဆန်စပါးတို့၏ စံချိန်စံညွှန်း အရည်အသွေး သတ်မှတ်ချက်များစသည်တို့နှင့်သက်ဆိုင်သည့် ဘာသာရပ်များကို ကုန်ပစ္စည်းစမ်းသပ်စစ်ဆေးရေးနှင့် အရည်အသွေး စီမံခန့်ခွဲမှုဌာနစုတွင် စာတွေ့လက်တွေ့ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ ထို့ပြင် စက်မှုဝန်ကြီးဌာန အမှတ်(၁) စက်မှုသင်တန်းကျောင်း (ဆင်တဲ) တွင်လည်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ လျှပ်စစ်မော်တာမောင်းနှင်ခြင်း၊ ပြစ်ချက်ရှာဖွေခြင်း၊ လျှပ်စစ်တိုင်းတာရေး ကိရိယာများ၊ မီတာများ ကိုင်တွယ်အသုံးပြုခြင်း၊ စက်ရုံအလုပ်ရုံသုံးဘွိုင်လာ နည်းပညာများနှင့် အခြေခံဂဟေဆက်နည်းပညာ အစရှိသည့် ဘာသာရပ်များကို သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းကို ရက်သတ္တခြောက်ပတ်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်းနှင့် စုစုပေါင်း သင်တန်းသား သင်တန်းသူ ၄၂ ဦး တက်ရောက်ကြောင်း သိရသည်။

**သတင်းစဉ်**

# နောင်ခမ်း အခြေခံပညာမူလတန်းကျောင်း၌ အသိပညာပေးနယ်လှည့်လှုပ်ရှားမှု ကွင်းဆင်းဆောင်ရွက်

မိုးနဲ ဇွန် ၁၉

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် အခြေခံပညာကျောင်းများသို့ ကွင်းဆင်းသွားရောက်၍ ဟောပြောပွဲများဆောင်ရွက်ခြင်း၊ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ခြင်း၊ နံရံကပ်စာစောင်များ ပြသခြင်းတို့ကိုဆောင်ရွက်လျက်ရှိရာ ယနေ့နံနက် ၈ နာရီခွဲက မိုးနဲမြို့နယ် နောင်ခမ်း အခြေခံပညာမူလတန်းကျောင်း၌ နယ်လှည့်လှုပ်ရှားမှု ကွင်းဆင်းဆောင်ရွက်သည်။



ဦးစွာ မြို့နယ်ဦးစီးအရာရှိ ဦးမျိုးညွန့်ရွှေက နယ်လှည့်လှုပ်ရှားမှု ကွင်းဆင်းဆောင်ရွက်ရခြင်း ရည်ရွယ်ချက်၊မူးယစ်ဆေးဝါးအန္တရာယ်နှင့် စပ်လျဉ်း၍ ဆောင်ရန်၊ ရှောင်ရန်များကိုလည်းကောင်း၊ မြို့နယ်စာကြည့်တိုက်တာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်နန်းမွမ်းဆိုင်က နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ခြင်းကိုလည်းကောင်း ရှင်းလင်းပြောကြားပြီး ကျောင်းသား ကျောင်းသူလေးများအား စာဖတ်စွမ်းရည်တိုးတက်စေရန်အတွက် စာဖတ်ဝိုင်းဆောင်ရွက်ခြင်းနှင့် နံရံကပ်စာစောင်ပြသခြင်းကို ဆောင်ရွက်ပေးကြသည်။ ထို့နောက် ကျောင်းသား ကျောင်းသူလေးများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေသော ၂၀၂၃ ခုနှစ် ဇွန် ၂၆ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် သတင်းစကား လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးကြသည်။

အလားတူ ဝမ်ဟောကျေးရွာအုပ်စုရှိ နမ့်ဟူးပစ် အခြေခံပညာမူလတန်းကျောင်းသို့ နယ်လှည့်လုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ဝိုးတောင်း**

# ၂၀၂၃ ခုနှစ် မိုးရာသီ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ မြန်အောင်၌ ကျင်းပ

မြန်အောင် ဇွန် ၁၉

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် သစ်တောဦးစီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် ကမ္ဘာ့သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ၂၀၂၃ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၁၇ ရက်က မြန်အောင် ရေနံမြေအတွင်း၌ ကျင်းပသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် မြန်အောင်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးလှိုင်၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီးအောင်စိုး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း အင်အား ၃၀၀ ခန့်က ကျွန်း ၂၅၂ ပင်၊ မန်ကျည်းရှား ၂၈၇ ပင်၊ မဟော်ဂနီ ၁၅၅ ပင်၊ ယူကလစ် ၇၈ ပင်၊ ခရေနှစ်ပင်၊ မျောက်ငိုပင်နှစ်ပင်၊ ကံ့ကော်ပင်နှစ်ပင်၊ ရေတမာပင်နှစ်ပင် စုစုပေါင်း အပင်ပေါင်း ၇၈၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**မြန်အောင်(ပြန်/ဆက်)**

## ဓာတ်ခွဲနမူနာစုစုပေါင်း ၅၈၈၁ ခု စစ်ဆေးပြီးစီး ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၃ ဦးတွေ့ရှိ

**ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၉-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၈-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၉-၆-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၈၈၁) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၄၃) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၇၃) ရာခိုင်နှုန်း ရှိသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၇၈၇,၅၃၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၄၀,၀၉၂) ဦး ရှိပြီဖြစ်သည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင် သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၈) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၈,၉၄၁) ဦး ရှိပြီဖြစ်သည်။

ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီး ဌာန၏ အင်တာနက်စာမျက်နှာ www. moh. gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

# ရခိုင်ပြည်နယ်အတွင်း ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများအဖြစ် ကြေညာချက်များထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။



**ကြည့်ရှုစစ်ဆေး**

ထိုသို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန်ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့၌ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အစိုးရရပ်ကွက်ရှိ ပိတ်ဆို့နေသောရေနုတ်မြောင်း ပြန်လည်တူးဖော်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး လူအေးနှင့် တာဝန်ရှိသူများသည် ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံကြီး၌ ဆေးရုံတက်ရောက်ကုသမှုခံယူနေသော နဂါးကျောင်း ပရိယတ္တိစာသင်တိုက် ပဓာနနာယကဆရာတော် အဘိဇဓမဟာရဋ္ဌဂုရု အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ စက္ကိန္ဒာဘိဝံသအား သွားရောက်ဖူးမြော်ကြည်ညိုပြီး လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်းသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မြို့မရပ်ကွက်ရှိ အခြေခံပညာကျောင်းများ၌ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံးခန်းမ၌ မြို့နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုအဖွဲ့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး နယ်မြေအလိုက် စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းများနှင့် ပတ်သက်၍ လိုအပ်သည်များ မှာကြားပြီး ဆိုင်ကလုန်းရှယ်တာများ ဆောက်လုပ်ထားရှိမှုနှင့် ဘူးသီးတောင်-ရသေ့တောင် ရေလမ်းကြောင်းနှင့် ကုန်းတွင်းလမ်းမကြီးဘေးရှိ ကျေးရွာများ၌ ဆိုင်ကလုန်းရှယ်တာများ ထပ်မံဆောက်လုပ်ရန်အတွက် လိုအပ်သည်များ မှာကြားသည်။ ထို့ပြင် မြို့သစ်ရပ်ကွက်ရှိ ဦးဥတ္တမခန်းမ၌ ကျေးရွာအုပ်စု ခုနစ်စုမှ ဒေသခံပြည်သူများနှင့် ကျေးရွာကိုယ်စားလှယ်များအား ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။



**ချက်ချင်းဖြန့်ဝေပေး**

ထို့အတူ ရခိုင်ပြည်နယ် မြေပုံမြို့၌ ရောက်ရှိနေသော ဗိုလ်မှူးချုပ်ကျော်ကျော်စိုးသည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ သဘာဝဘေး ပြန်လည်ထူထောင်ရေးကော်မတီနှင့် အလှူရှင်များက ထောက်ပံ့သော ပြည်တွင်းရေကြောင်းပိုင် ကုလားတန်(၆) သင်္ဘောဖြင့် ထပ်မံရောက်ရှိလာသည့် ပစ္စည်းများကို ယနေ့နံနက်ပိုင်းတွင် ငပင်လယ်ဆိပ်ခံတံတားပေါ်သို့တင်ယူပြီး ဖွင့်ဖောက်စစ်ဆေး အတည်ပြုလက်ခံကာ လေဘေးသင့် ပြည်သူများသို့ ချက်ချင်းဖြန့်ဝေပေးခဲ့သည်။

အလားတူ ရခိုင်ပြည်နယ် မောင်တောမြို့၌ရောက်ရှိနေသော ဗိုလ်မှူးချုပ်တင်ဆွေသည် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အဆိုပါမြို့အတွင်း မုန်တိုင်းဒဏ်ကြောင့်ပျက်စီးခဲ့သည့် ဘုန်းတော်ကြီးကျောင်းများ အတွက် ထောက်ပံ့ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အခြေခံပညာကျောင်းများအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# သဘာဝဘေးအန္တရာယ် ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် ဇွန် ၁၉**

သဘာဝ ဘေးအန္တရာယ် ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့် ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့ စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မောင်တောမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်အတူ ခွဆုံပြင်မူလတန်း(လွန်) ကျောင်းဝင်းအတွင်း၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ဘူးသီးတောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် တောင်ရပ်ကွက်၌ သစ်ပင်၊ သစ်ကိုင်းများနှင့် ချုံနွယ်များကို ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မြောက်ဦးမြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့်အတူ မြောက်ဦးမြို့ရှိ အခြေခံပညာမူလတန်းလွန်ကျောင်း ပြန်လည်ပြုပြင်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် နယ်လှည့်ဆေးကုသရေး အဖွဲ့များနှင့် ရွာဟောင်းတော ဘုန်းတော်ကြီးကျောင်း၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ စစ်တွေမြို့၌ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေး အဖွဲ့များနှင့်ပူးပေါင်း၍ သရက်ကုန်းကျေးရွာ၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ရသေ့တောင်မြို့၌ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်လှည့်ဆေးကုသရေး အဖွဲ့များနှင့် ပူးပေါင်း၍ သာစည်ကုန်းကျေးရွာ၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။ **သတင်းစဉ်**

**❂ မြန်မာ့လက်ရွေးစင်အသင်းမှ**

မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဖိုက်အွန်ဘိုင်နာသည် တရုတ်အသင်းနှင့်ကစားခဲ့သည့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့ပြီး ဆန်းဆက်နိုင် (ဂိုး)၊ ဟိန်းဖြိုးဝင်း၊ ဟိန်းဇေယျာလင်း၊ သီဟထက်အောင်၊ နန္ဒကျော်၊ ဝေလင်းအောင်၊ ကျော်မင်းဦး၊ လွင်မိုးအောင်၊ ငြိမ်းချမ်းအောင်၊ မောင်မောင်လွင်၊ သန်းပိုင်တို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ပွဲစကတည်းက တိုက်စစ်ဦးစားပေးကစားခဲ့ပြီး ၂၃ မိနစ်တွင် အဖွင့်ဂိုးရရှိခဲ့သည်။ မောင်မောင်လွင်၏ ဖြတ်တင်ဘောကို တိုက်စစ်မှူး သန်းပိုင်က ပြန်ချပေးရာ ကွင်းလယ်ကစားသမား လွင်မိုးအောင်က ပင်နယ်တီဧရိယာထိပ်မှ အပြင်းကန်သွင်းခဲ့ခြင်းဖြစ်သည်။

ယင်းနောက်ပိုင်းတွင် မြန်မာအသင်း အခွင့်အရေးများထပ်မံရရှိသော်လည်း အသုံးမချနိုင်သဖြင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးအသာဖြင့် ဦးဆောင်နေသည်။ ဒုတိယပိုင်းတွင် မြန်မာအသင်းက ကစားသမားများ အပြောင်းအလဲပြုလုပ်ကာ တိုက်စစ်မြှင့်လာသလို မကာအိုအသင်းကလည်း ချေပဂိုးရရန် ကြိုးပမ်းခဲ့သည်။ မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ဂိုးသွင်းခွင့်များ ဖန်တီးနိုင်သော်လည်း ပွဲပြီးခါနီးမှ ဒုတိယဂိုးထပ်မံရရှိပြီး ပင်နယ်တီမှတစ်ဆင့် အသင်းခေါင်းဆောင် မောင်မောင်လွင်က သွင်းယူခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် မတ်လ နိုင်ငံတကာရက်သတ္တပတ်တွင် ခြေစမ်းပွဲ နှစ်ပွဲ၊ ဇွန်လနိုင်ငံတကာရက်သတ္တပတ်တွင် ခြေစမ်းပွဲ နှစ်ပွဲ ယှဉ်ပြိုင်ကစားခဲ့ပြီး တစ်ပွဲနိုင်၊ တစ်ပွဲသရေ၊ နှစ်ပွဲရှုံးနိမ့်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မတ်လ နိုင်ငံတကာရက်သတ္တပတ်တွင် အိန္ဒိယအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ပြီး ကာဂျစ္စတန်အသင်းနှင့် တစ်ဂိုးစီသရေကျခဲ့သည်။ ဇွန်လ နိုင်ငံတကာရက်သတ္တပတ်တွင်မူ တရုတ်အသင်းကို လေးဂိုးပြတ်ရှုံးနိမ့်ပြီး မကာအိုအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

**သတင်း - ကိုညီလေး**
**ဓာတ်ပုံ - MFF**

**❍ ကျောဖုံးမှ**

အလားတူ ၂၉ မီတာကမ်းထိုးရေယာဉ်တစ်စင်းသည် ရခိုင်ပြည်နယ်အစိုးရမှ သွပ်အချပ် ၄၀၀၀၊ သစ် ၄၀၃ ချောင်း၊ ရေသန့် ၁၆၉ ကတ်၊ စားသုံးဆီဘူး ၁၀၀၊ ဟင်းသီးဟင်းရွက်ဆီဘူး ၁၂၀၊ မြေပဲဆီ ၁၀ ဘူး၊ မုန့်တီခြောက်ထုပ်များပါဝင်သည့် ဆာလာအိတ်ခြောက်အိတ်၊ ငံပြာရည်ပုလင်းများပါဝင်သည့် ဆာလာအိတ် တစ်အိတ်၊ ငါးပိကြော် အထုပ် ၁၀၀၊ ခေါက်ဆွဲခြောက်ဖာ ၉၀၊ မုန့်မျိုးစုံ နှစ်ဖာ၊ ဘီစကွတ် ၃၂ ဖာနှင့် ဆေးပစ္စည်း ၃၈ ဖာ စုစုပေါင်း ၂၈ တန်ကို စစ်တွေမြို့၌တင်ဆောင်၍ မင်းပြားမြို့ ဆိပ်ခံတံတားသို့ ယနေ့မွန်းတည့်ပိုင်းတွင် ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ စစ်ရေယာဉ်များမှ သယ်ဆောင်လာသည့် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများကို တာဝန်ရှိသူများထံသို့ စနစ်တကျလွှဲပြောင်းပေးအပ်၍ မုန်တိုင်းဒဏ်သင့်ပြည်သူများထံသို့ အမြန်ဆုံး ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရောနစ် ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့်အကောင့်သို့ လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများ အသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $ နှင့် UAB pay နှင့် Citizens Pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

| နေပြည်တော် | ရန်ကုန်မြို့ | မန္တလေးမြို့ |
|---|---|---|
| ဒေါ်လှဲ့လှဲ့အေး<br>ညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၅၀<br>၀၉-၂၀၂၁၄၉၁ | ဦးသန်းစိုး<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၂၅၀၁၂၃၈၈၅ | ဦးအေးမင်းသူ<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>မန္တလေးတိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၀၈၈၂၇ |
| ဦးဝင်းရွှေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၀၄၈<br>၀၉-၂၅၄၁၇၀၀၁၁ | ဒေါ်သန်းသန်းဝင်း<br>ဒုတိယညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး<br>၀၉-၄၂၀၇၄၀၁၆၀ | |
| ဒေါ်ဖြူဖြူဝင်း<br>ညွှန်ကြားရေးမှူး<br>ဘေးအန္တရာယ်ဆိုင်ရာ<br>စီမံခန့်ခွဲမှုဦးစီးဌာန<br>၀၆၇-၃၄၀၄၃၁၆<br>၀၉-၄၃၀၅၄၈၄၄ | | |




အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

## ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာဘွဲ့ သင်တန်းသား သင်တန်းသူများအား ကြိုဆိုပွဲ ကျင်းပ

နေပြည်တော် ဇွန် ၁၉

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာနအောက်ရှိ မိတ္ထီလာစီးပွားရေးတက္ကသိုလ် ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာဘွဲ့သင်တန်းအပတ်စဉ်(၄) နေပြည်တော်ကို ဇွန် ၃ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး သင်တန်းသို့ တက်ရောက်လျက်ရှိကြသည့် သင်တန်းသား သင်တန်းသူများအား ကြိုဆိုပွဲအခမ်းအနားကို ဇွန် ၁၇ ရက် ညနေပိုင်းက Hilton Hotel နေပြည်တော်၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ မိတ္ထီလာစီးပွားရေးတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာဖြူဖြူအိ၊ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများ၊ ဆရာ ဆရာမများ၊ ကျောင်းသားဟောင်းများနှင့် သစ်လွင် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခေတ္တပါမောက္ခချုပ် ဒေါက်တာဒေါ်ဖြူဖြူအိက ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် မိတ္ထီလာစီးပွားရေးတက္ကသိုလ်တွင် မဟာဘွဲ့သင်တန်းများကို ၂၀၀၄ ခုနှစ်မှ စတင်ဖွင့်လှစ်သင်ကြားခဲ့ကြောင်း၊ ၂၀၁၈-၂၀၁၉ ပညာသင်နှစ်မှစ၍ နေပြည်တော်တွင် တိုးချဲ့ဖွင့်လှစ်သင်ကြားခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု မဟာဘွဲ့သင်တန်းကို မိတ္ထီလာတွင် အပတ်စဉ်(၁၈) ရှိပြီဖြစ်ကြောင်း၊ နေပြည်တော်တွင် ယခု အပတ်စဉ် (၄)ကို ဖွင့်လှစ်နိုင်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်က အားထားရသည့် ပြည်သူ့ရေးရာစီမံခန့်ခွဲသူကောင်းများ ဖြစ်ကြပါစေရန် ဆုတောင်းပါကြောင်း ပြောကြားသည်။



ထို့နောက် ပြည်သူ့ရေးရာစီမံခန့်ခွဲမှုသင်တန်း Program Director ဒေါက်တာဒေါ်ဖြူဖြူသိန်းက ဘာသာရပ်နှင့်ပတ်သက်၍ မိတ်ဆက်စကားပြောကြားပြီး သင်တန်းသား သင်တန်းသူများကိုယ်စား အပတ်စဉ်(၃)မှ ဒေါ်တင်တင်လတ်နှင့် အပတ်စဉ်(၄)မှ ဦးသိန်းဝင်းတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ ရွှေပင်လယ်

## ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် SMS စာတိုဖြင့် လှူဒါန်းနိုင်

နေပြည်တော် ဇွန် ၁၉

မြန်မာနိုင်ငံတွင် ၂၀၂၃ ခုနှစ် မေ ၁၄ ရက်က ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင် ပြည်သူများအနေဖြင့် လှူဒါန်းမှုများပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေးအတွက် ပြည်သူများ အသုံးပြုမှုများပြားသည့် မိုဘိုင်းတယ်လီဖုန်းများမှတစ်ဆင့် SMS(စာတို)ဖြင့် လှူဒါန်းငွေများပေးပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့လှူဒါန်းရာတွင် မိုဘိုင်းသုံးစွဲသူ စေတနာရှင် ပြည်သူများအနေဖြင့် မိမိတို့၏အသုံးပြုနေသည့် မိုဘိုင်းဖုန်းများမှတစ်ဆင့် 9090 သို့ 500 ဟု SMS ပေးပို့၍ တစ်ကြိမ်လျှင် ၅၀၀ ကျပ်နှုန်းဖြင့် လှူဒါန်းနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ဝါးခယ်မမြို့နယ်၌ ပလတ်စတစ်အိတ် မသုံးစွဲရနေ့ သတ်မှတ်ဆောင်ရွက်

ဝါးခယ်မ ဇွန် ၁၉

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်၌ ပလတ်စတစ်အိတ် မသုံးစွဲရေးနေ့အဖြစ် ယမန်နေ့နံနက်ပိုင်းတွင် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ပိုင် မြို့မဈေးအတွင်း ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား အသိပညာပေးခြင်းများ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။


ယင်းသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစွမ်းထက်၏ စီမံညွှန်ကြားမှုဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမန်းထွန်းမြင့်နှင့် ဝန်ထမ်းများ ပူးပေါင်း၍ ပလတ်စတစ်မသုံးစွဲရေး အသိပညာပေးခြင်း၊ ဆိုင်းဘုတ်များစိုက်ထူခြင်း၊ "ကမ္ဘာမြေကျန်းမာဖို့ ပလတ်စတစ်ကို ရှောင်ကြဉ်စို့" ဆောင်ပုဒ်နှင့်အညီ ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအနေဖြင့် အသားငါးများနှင့် ဟင်းသီးဟင်းရွက်များ၊ အသုံးဆောင်ပစ္စည်းများကို အရောင်းအဝယ်ပြုလုပ်ရာတွင် ပလတ်စတစ်အိတ်အစား ကြာဖက်၊ အင်ဖက်၊ ငှက်ပျောရွက်၊ သတင်းစာစက္ကူများ စသည့်ပစ္စည်းများဖြင့် အစားထိုးသုံးစွဲစေရန် အသိပညာပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

■



# တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဘလင်ကန်တို့ ပေကျင်း၌ တွေ့ဆုံဆွေးနွေး



**ပေကျင်း ဇွန် ၁၉**

တရုတ်သမ္မတ ရှီကျင့်ဖျင်သည် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်ထော်နီ ဘလင်ကန်အား ပေကျင်းမြို့တော် ပြည်သူ့ခန်းမဆောင်၌ ယနေ့ လက်ခံတွေ့ဆုံခဲ့ကြောင်း သိရသည်။

မိမိတို့နှစ်နိုင်ငံအကြား အပြန်အလှန်ဆက်သွယ်မှုများသည် အပြန်အလှန်လေးစားမှုနှင့် ယုံကြည်မှုအပေါ် အခြေခံသင့်သည်ဟု သမ္မတရှီက ဆွေးနွေးပွဲတွင် ပြောကြားသည်။ ယခုခရီးစဉ်မှတစ်ဆင့် တရုတ်-အမေရိကန်ဆက်ဆံရေး တည်ငြိမ်စေရေးအတွက် အပြုသဘောဆောင်သည့် ဆောင်ရွက်ချက်များကို နိုင်ငံခြားရေးဝန်ကြီး ဘလင်ကန်က ပြုလုပ်နိုင်မည်ဟု မျှော်လင့်ကြောင်း ၎င်းက မှတ်ချက်ပြုသည်။

တရုတ်နိုင်ငံသည် အမေရိကန်၏ အကျိုးစီးပွားကို လေးစားသကဲ့သို့ အလားတူပင် အမေရိကန်သည် တရုတ်နိုင်ငံကို လေးစားရန် လိုအပ်ပြီး တရုတ်နိုင်ငံ၏ တရားဝင်အခွင့်အရေးနှင့် အကျိုးစီးပွားများကို ရှေးရှုဆောင်ရွက်ရန်လိုအပ်ကြောင်း ရှီက ပြောကြားခဲ့သည်။

သမ္မတရှီနှင့် မဆွေးနွေးမီကာလအတွင်း နိုင်ငံခြားရေးဝန်ကြီး ဘလင်ကန်သည် တရုတ်နိုင်ငံ နိုင်ငံတော်ကောင်စီဝင်နှင့် နိုင်ငံခြားရေးဝန်ကြီး ချင်ကန်း၊ တရုတ်ကွန်မြူနစ်ပါတီဗဟိုကော်မတီ နိုင်ငံခြားရေးရာကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူး ဝမ်ယိတို့နှင့်လည်း တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

မိမိနှင့် သမ္မတ ဘိုင်ဒင်တို့၏ ဘာလီကျွန်း တွေ့ဆုံဆွေးနွေးပွဲမှရရှိခဲ့သည့် သဘောတူညီချက်များကို တိကျစွာ အကောင်အထည်ဖော်ဆောင်ရွက်ရေးအတွက် ယခုဆွေးနွေးပွဲတွင် သဘောတူညီခဲ့ကြကြောင်း သမ္မတရှီက မှတ်ချက်ပြုသည်။

မိမိတို့နှစ်နိုင်ငံအကြားနှင့် တစ်ကမ္ဘာလုံး အကျိုးစီးပွားဖြစ်ထွန်းစေရန်အတွက် နှစ်နိုင်ငံ ဆက်ဆံရေးကို တာဝန်သိသိ စီမံခန့်ခွဲရန် လိုအပ်သည်ဟု သမ္မတ ဂျိုးဘိုင်ဒင်က ယုံကြည်ကြောင်း ဘလင်ကန်က ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**

# ဂျီ ၂၀ အဖွဲ့တွင် အာဖရိကသမဂ္ဂအဖွဲ့ ပါဝင်လာရေး အိန္ဒိယနိုင်ငံ တောင်းဆို



**နယူးဒေလီ ဇွန် ၁၉**

အိန္ဒိယအစိုးရသည် အာဖရိကသမဂ္ဂအဖွဲ့ကို စက်မှုထိပ်သီးနိုင်ငံ ၂၀ (ဂျီ ၂၀) အဖွဲ့အစည်းတွင် ပါဝင်နိုင်ရေးအတွက် ယနေ့တောင်းဆိုခဲ့ကြောင်း သိရသည်။

အိန္ဒိယအစိုးရက ဂျီ ၂၀ အဖွဲ့၏ အလှည့်ကျဥက္ကဋ္ဌအဖြစ် အလှည့်ကျတာဝန်ယူကာ လာမည့်စက်တင်ဘာလတွင် ဂျီ ၂၀ ထိပ်သီးအစည်းအဝေးကို အိန္ဒိယနိုင်ငံ၌ လက်ခံကျင်းပမည်ဖြစ်သည်။

အဆိုပါ ကြိုးပမ်းမှုသည် အာဖရိကသမဂ္ဂအဖွဲ့၏ တောင်းဆိုမှုအပေါ် တုံ့ပြန်ခြင်းဖြစ်ကြောင်း သတင်းရင်းမြစ်များက ဆိုသည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီက ဂျီ ၂၀ အဖွဲ့တွင် အာဖရိကသမဂ္ဂပါဝင်နိုင်ရေးအတွက် ဂျီ ၂၀ ခေါင်းဆောင်များထံ ပေးစာများ ပေးပို့ကာ တောင်းဆိုခဲ့ကြောင်း သိရသည်။

မိုဒီသည် Global South ဟုခေါ်သော ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ထွန်းသစ်စနိုင်ငံများအပေါ် ခိုင်မာသော ယုံကြည်ချက်ထားရှိသူတစ်ဦးဖြစ်သည့်အပြင် အဆိုပါနိုင်ငံများ၏ အကျိုးစီးပွားများနှင့် ပတ်သက်ပြီး နိုင်ငံတကာအသိုက်အဝန်း၌ ထုတ်ဖော် ပြောကြားလေ့ရှိကြောင်း သိရသည်။

ဂျီ ၂၀ အဖွဲ့တွင် နိုင်ငံပေါင်း ၁၉ နိုင်ငံနှင့် ဥရောပသမဂ္ဂတို့ ပါဝင်သည်။ ၎င်းတွင် ဖွံ့ဖြိုးပြီးနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများ ပါဝင်သည်။

အဖွဲ့ဝင် ၅၅ နိုင်ငံဖြင့် ဖွဲ့စည်းထားသည့် အာဖရိကသမဂ္ဂသည် ကမ္ဘာ့အကြီးဆုံး ဒေသဆိုင်ရာအဖွဲ့အစည်းတစ်ခုဖြစ်သည်။ ဂျပန်၊ အမေရိကန်နှင့် အခြားနိုင်ငံများက ၎င်း၏ ဂျီ ၂၀ တွင် ပါဝင်မှုအပေါ် အပြည့်အဝ ထောက်ခံသည်။

နိုင်ငံတကာ အသိုက်အဝန်းတွင် အာဖရိကနိုင်ငံများ၏ ပါဝင်လာမှုသည် ယခင်ကထက် ပိုမိုများပြားလျက်ရှိသည်။

အိန္ဒိယသည် ယင်းသို့သော နိုင်ငံများကို နိုင်ငံတကာအသိုက်အဝန်းတွင် ပါဝင်လာရန် ဦးဆောင်လှုပ်ရှားလျက်ရှိပြီး ယင်းသို့ပြုလုပ်ခြင်းဖြင့် နိုင်ငံ၏ဂုဏ်ပုဒ်ကို မြှင့်တင်လျက်ရှိကြောင်း နိုင်ငံရေးလေ့လာသူများက ဆိုသည်။

**ကိုးကား- အင်န်အီတီ ချဲကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများသည် ကမ္ဘောဒီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူပြုကြောင်း ကမ္ဘောဒီးယားကုန်သွယ်ရေးဝန်ကြီး ပြောကြား

**ဖနောင်ပင် ဇွန် ၁၉**

တရုတ်နိုင်ငံမှရရှိသည့် အကူအညီပေးအပ်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများသည် ကမ္ဘောဒီးယားနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက်များစွာ အထောက်အကူပြုကြောင်း ကမ္ဘောဒီးယားကုန်သွယ်ရေးဝန်ကြီး ပန်ဆိုရာဆက်က ယနေ့ပြောကြားသည်။

**အကူအညီများစွာပေးအပ်ခဲ့**

ကမ္ဘောဒီးယား၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တရုတ်နိုင်ငံမှ အကူအညီများစွာပေးအပ်ခဲ့ကြောင်း ဖနောင်ပင်မြို့တော်၌ ကျင်းပသည့် ဂရိတ်ဝေါလ်မော်တော်ကားကုမ္ပဏီ ပြခန်းဖွင့်ပွဲ၌ ၎င်းက မှတ်ချက်ပြုသည်။

နိုင်ငံအတွင်းရှိ ဆီဟာနုခ်ဗေးအထူးစီးပွားရေးဇုန်၊ ဖနောင်ပင်-ဆီဟာနုခ်ဗေး အမြန်လမ်းမ၊ ရေအားလျှပ်စစ်စီမံကိန်းများနှင့် ဆီရမ်ယိ-အန်ကော အပြည်ပြည်ဆိုင်ရာ လေဆိပ်စီမံကိန်းများကို ရပ်ဝန်းနှင့်ပိုးလမ်းမ စီမံကိန်းအရ တရုတ်နိုင်ငံမှ ရင်းနှီးမြှုပ်နှံမှုများဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။

ထို့ပြင် ဒေသတွင်းပြီးပြည့်စုံသည့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာသဘောတူညီချက်နှင့် ကမ္ဘောဒီးယား-တရုတ်လွတ်လပ်စွာကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်များကလည်း နှစ်နိုင်ငံအကြား ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်ရေးကဏ္ဍများ မြှင့်တင်ရေးအတွက် ဆောင်ရွက်ပေးခဲ့ကြောင်း ပန်ဆိုရာဆက်ကပြောကြားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**

# အိန္ဒိယနိုင်ငံ၌ အပူချိန်မြင့်တက်မှုကြောင့် ၉၈ ဦး သေဆုံး

**နယူးဒေလီ ဇွန် ၁၉**

အိန္ဒိယနိုင်ငံ ဥတ္တရာပရာဒေ့ရှ်ပြည်နယ်နှင့် ဘီဟာပြည်နယ်တို့၌ အပူချိန်မြင့်တက်မှုကြောင့် ၉၈ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ဇွန် ၁၈ ရက်တွင် ပြောကြားသည်။

**သက်ကြီးရွယ်အိုများဖြစ်**

၎င်းဖြစ်စဉ်အတွင်း သေဆုံးသူများမှာ အသက် ၆၀ ကျော်အရွယ် သက်ကြီးရွယ်အိုများဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ အချို့ဒေသများတွင် ဇွန် ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် နေ့အပူချိန် ၄၂ ဒသမ ၂ ဒီဂရီဆဲဆီးယပ်အထိ မြင့်တက်ခဲ့ကြောင်း မိုးလေဝသဌာနက မှတ်ချက်ပြုသည်။

ဆေးရုံများတွင် အပူကြောင့် ဖြစ်ပွားသည့် ရောဂါများမှ ကာကွယ်ရေးအတွက် လေအေးပေးစက်များနှင့် ပန်ကာများကို စီစဉ်ထားရှိကြောင်းသိရသည်။

ဥတ္တရာပရာဒေ့ရှ်ပြည်နယ်ဘာလီယာဒေသရှိ ဒေသခံ ၄၀၀ ခန့်သည် အပူချိန်မြင့်တက်မှုကြောင့် ရောဂါများဖြစ်ပွားခဲ့ကြောင်း ပြည်နယ်ကျန်းမာရေးတာဝန်ရှိသူက အတည်ပြုပြောကြားသည်။

၎င်းလူနာများသည် ကိုယ်အပူချိန်မြင့်တက်ခြင်းနှင့်အသက်ရှူရခက်ခဲခြင်း စသည့်ရောဂါလက္ခဏာများကို ခံစားနေရကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**



# မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက်ရှိ "မြတ်မောင်" စိန်ရွှေရတနာဆိုင်အား ဓားပြတိုက်လုယက်ခဲ့သည့် တရားခံများအား လက်နက်/ခဲယမ်း၊ ရွှေထည်ပစ္စည်းများနှင့်အတူ ငါးနာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၁၉**

၂၀၂၃ ခုနှစ် ဇွန် ၁၈ ရက် ညနေပိုင်းတွင် မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက် မေဓာဝီလမ်းရှိ "မြတ်မောင်" စိန်ရွှေရတနာဆိုင်သို့ အကြမ်းဖက်သမား (စိစစ်ဆဲ)ကျား သုံးဦးက ပစ္စတို နှစ်လက်ကိုင်ဆောင်ကာ ဆိုင်ကယ်ဖြင့် ရောက်ရှိလာပြီး ဧည့်ကြိုဝန်ထမ်း နှစ်ဦးအား သေနတ်ဖြင့် ခြိမ်းခြောက်၍ ရွှေဆိုင်ကောင်တာအတွင်းရှိ ရွှေထည်ပစ္စည်းမျိုးစုံ (ကာလတန်ဖိုးငွေကျပ်သိန်း ၁၆၆၀၀ ခန့်) ကို ဓားပြတိုက်လုယက်ယူဆောင်သွားခဲ့ကြောင်း သိရှိရသည်။

သို့ဖြစ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက သေနတ်ပြခြိမ်းခြောက်ဓားပြတိုက် လုယက်ခဲ့သည့် တရားခံများအား ဖမ်းဆီးရမိရေးအတွက် ရှာဖွေဖော်ထုတ်ခြင်းကို နေ့/ညမပြတ် အရှိန်အဟုန်မြှင့် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ တရားမျှတမှုကို လိုလားပြီး အကြမ်းဖက်မှုကို မလိုလားသည့် ပြည်သူများ၏ မျက်မြင်သတင်းပေးပို့ချက်များနှင့် မြေပြင်သတင်းစုံစမ်းရရှိချက်များအရ ဇွန် ၁၈ ရက် ညပိုင်းတွင် ဓားပြတိုက်လုယက်သူများသည် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရား အနောက်ရပ်ကွက် ရွှေဂုံတိုင်လမ်းရှိ "အကယ်ဒမီ"ဟိုတယ်၌ ရောက်ရှိ ခိုအောင်းနေကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ရှာဖွေဖမ်းဆီးခဲ့ရာ တရားခံ **ကိုကိုအောင်**၊ ၎င်းနှင့်တရားမဝင်ပေါင်းသင်းနေသူ **ပပလှိုင်**တို့ နှစ်ဦးကို ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိတရားခံ **ကိုကိုအောင်**၏ ထွက်ဆိုချက်အရ ရွှေဆိုင်ဓားပြတိုက်ရာတွင်ပါဝင်ခဲ့သော တရားခံများဖြစ်သည့် **ကောင်းထက်စံ(ခ)တရုတ်ကြီး**ကို မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီ(၂)ရပ်ကွက်၊ နဝရတ်လမ်း အိမ်အမှတ်(၂/၂၀၆)ရှိ ၎င်း၏နေအိမ်၌လည်းကောင်း၊ **ကျော်ဇင်လတ်၊ ကောင်းမြတ်(ခ)Blank၊ ဖြိုးကိုကို**နှင့် **ကျော်ဇင်ဝေ**တို့ကို မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီ(၅)ရပ်ကွက် ဗြဟ္မစိုရ်လမ်း တိုက်အမှတ် (၁၀၁)တွင်လည်းကောင်း M–4A1 သေနတ် နှစ်လက်၊ Sig Sauer ပစ္စတို နှစ်လက်၊ ကျည်အိမ်မျိုးစုံ ရှစ်ခု၊ 91 လက်ပစ်ဗုံး နှစ်လုံး၊ ၅ ဒသမ ၅၆ ကျည်အတောင့် ၃၄၀၊ 9 MM Luger ကျည်အတောင့် ၂၁၀၊ ဓားပြတိုက်လုယက်ရာမှ ယူဆောင်သွားခဲ့သော ရွှေထည်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ဖမ်းဆီးရမိတရားခံ **ကိုကိုအောင်**၏ ထွက်ဆိုချက်အရ ရွှေဆိုင်ဓားပြတိုက်ရာတွင် ပါဝင်ခဲ့သော တရားခံများဖြစ်သည့် **စောဂျိုးဇက်(ခ)ချိုတိုး**နှင့် **ထွန်းထွန်းနိုင်**တို့ကို မအူပင်မြို့နယ် ခနောင်အုပ်စု ကျွဲလန်းကျေးရွာ၌ M–16 တစ်လက်နှင့်အတူ ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ ကျား ရှစ်ဦး၊ မ တစ်ဦး ပေါင်း ကိုးဦးတို့နှင့်အတူ M–4A1 သေနတ် နှစ်လက်၊ M–16 တစ်လက်၊ Sig Sauer ပစ္စတို နှစ်လက်၊ ကျည်အိမ်မျိုးစုံ ရှစ်ခု၊ 91 လက်ပစ်ဗုံး နှစ်လုံး၊ ၅ ဒသမ ၅၆ ကျည်တောင့် ၃၄၀၊ 9MM Luger ကျည်တောင့် ၂၁၀ တို့ကို ဖမ်းဆီးရမိခဲ့ပြီး ဓားပြတိုက်လုယက်ယူဆောင်သွားသည့် ရွှေထည်ပစ္စည်းများအား ဖြစ်စဉ်ဖြစ်ပွားပြီး ငါးနာရီအတွင်း အကြမ်းဖက်မှုကို မလိုလားသည့် တာဝန်သိပြည်သူများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ နေ့/ညမပြတ် အရှိန်အဟုန်မြှင့် စစ်ဆေးရှာဖွေမှုများကြောင့် ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

အထက်ပါ ဖမ်းဆီးရမိတရားခံများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြမ်းဖက်မှုဆောင်ရွက်နေသူများအား ပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းကာကွယ်တိုက်ဖျက်ကြရန်နှင့် ဆက်စပ်တရားခံများအား အမြန်ဆုံးဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှုသတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေး တိုင်ကြားနိုင်ပါကြောင်း၊ သတင်းပေးသူနှင့် ဖမ်းဆီးပေးသူများအား ထိုက်တန်စွာ လျှို့ဝှက်၍ ဆုငွေများ ချီးမြှင့်ပေးလျက်ရှိကြောင်းနှင့် မြို့ရွာများအမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင်ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံအပ်ပါကြောင်း သတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**

မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက်ရှိ "မြတ်မောင်" စိန်ရွှေရတနာဆိုင်အား ဓားပြတိုက်လုယက်ခဲ့သည့် တရားခံများအား ဖမ်းဆီးရမိမှု အခြေပြဇယား









မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက်ရှိ "မြတ်မောင်" စိန်ရွှေရတနာဆိုင် ဓားပြတိုက် လုယက်ခံရသည့် မှတ်တမ်းဓာတ်ပုံ။



မြောက်ဥက္ကလာပမြို့နယ် ဝေဘာဂီ (၅) ရပ်ကွက် ဗြဟ္မစိုရ်လမ်း တိုက်အမှတ် (၁၀၁)တွင် သိမ်းဆည်းရမိခဲ့သည့် လက်နက်/ခဲယမ်းများနှင့် ရွှေထည်ပစ္စည်းများ၏ မှတ်တမ်းဓာတ်ပုံ။





မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက်ရှိ "မြတ်မောင်" စိန်ရွှေရတနာဆိုင် ဓားပြတိုက်လုယက်ခံရသည့် CCTV မှတ်တမ်းဓာတ်ပုံ။



မအူပင်မြို့နယ် ခနောင်အုပ်စု ကျွဲလန်းကျေးရွာတွင် သိမ်းဆည်းရမိခဲ့သည့် M–16 တစ်လက်။


ပြည့်စုံကျော်မင်း၊ ထူးခန့်နောင်နှင့် ဟိန်းခင်ဇော်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

## ရန်ကုန်တိုင်းဒေသကြီး၌ ငွေကျပ်သိန်း ၈၃၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၅၇ သိန်းနှင့် အိုက်စ်(မက်သ်အဖက်တမင်း) သုံးကီလို သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၁၉

ရန်ကုန်တိုင်းဒေသကြီးတွင် ငွေကျပ်သိန်း ၈၃၀၀ ကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၅၇ သိန်းနှင့် အိုက်စ်(မက်သ်အဖက်တမင်း)သုံးကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၁၆ ရက် ည ၇ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် ဒညင်းကုန်းရပ်ကွက် အောက်မင်္ဂလာဒုံလမ်းမကြီးနှင့် ပြည်တော်သာ(၁)လမ်းထိပ်တွင် သတင်းအရစောင့်ဆိုင်းနေစဉ် ထူးခန့်နောင်၊ ပြည့်စုံကျော်မင်းနှင့် ဟိန်းခင်ဇော်တို့ သုံးဦး ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာသဖြင့် ရှာဖွေရာ ၎င်းတို့ သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၄ ဒသမ ၆၇ သိန်း သိမ်းဆည်းရမိခဲ့ပြီး ဇွန် ၁၇ ရက် နံနက် ၁ နာရီတွင် ဖမ်းမိတရားခံ ပြည့်စုံကျော်မင်း ငှားရမ်းနေထိုင်သည့် ရွှေပြည်သာမြို့နယ်(၈/၄)ရပ်ကွက် ယောမင်းကြီးလမ်းရှိ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၂ ဒသမ ၉ သိန်း၊ အိုက်စ်(မက်သ်အဖက်တမင်း)သုံးကီလို ထပ်မံသိမ်းဆည်းရမိခဲ့၍ စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ်သိန်း ၈၃၀၀ ကျော် တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၇ ဒသမ ၅၇ သိန်းနှင့် အိုက်စ်(မက်သ်အဖက်တမင်း)သုံးကီလို သိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား ရန်ကုန်မြို့ရှိ KTV/ CLUB/ BAR နှင့် စားသောက်ဆိုင်များတွင် လူငယ်များအား ဖြန့်ဖြူးရောင်းချခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## တရားမဝင် စားသောက်ကုန်၊ လူသုံးကုန်ပစ္စည်းများနှင့် မော်တော်ယာဉ်များ သိမ်းဆည်းရမိ

**နေပြည်တော် ဇွန် ၁၉**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီး အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၇ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် အမှတ်(၂)ယာဉ်ထိန်းရဲတပ်ဖွဲ့ခွဲ၊ လိုင်စင်မဲ့ယာဉ်ဖမ်းဆီးရေးအဖွဲ့မှ ဒုရဲမှူး ဦးဆောင်သော ပူးပေါင်းအဖွဲ့က ထန်းတပင်မြို့နယ် ရန်ကုန်-ညောင်တုန်း လမ်းမအနီး၌ ရန်ကုန်မြို့မှ ပုသိမ်မြို့သို့မောင်းနှင်လာသော လိုင်စင်မဲ့ Toyota Alphard ယာဉ်တစ်စီး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀)** ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထပ်မံ၍ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ပဲဝိုင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ လိုင်စင်မဲ့ Toyota Passo ယာဉ်တစ်စီး **(ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅၀၀၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ဇွန် ၁၇ ရက်တွင် မြိတ်မြို့နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့က မြိတ်မြို့ အင်းလေးမြိုင်ရပ်ကွက် မင်းဓမ္မလမ်းရှိ ဂိုဒေါင်တစ်လုံးအား စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင် တင်သွင်းခွင့် အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Big Cola အချိုရည်ဘူး ၄၈၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၆၀၀၀၀)ကို လည်းကောင်း၊ **ဇွန် ၁၈ ရက်တွင်** ထားဝယ်-မြိတ်ကားလမ်း ကျောက်ရပ်ကျေးရွာအနီးရှိ ပေါက်တိုင်းတံတားစစ်ဆေးရေးဂိတ်၌ ပူးပေါင်းအဖွဲ့က ကော့သောင်းမြို့မှ ထားဝယ်မြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီးအား စိစစ်၍ ထားဝယ်မြို့နယ် အကောက်ခွန်ဦးစီးဌာနမှူးရုံးသို့ ပို့ဆောင်ပြီး အသေးစိတ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင် စာရွက်စာတမ်း အထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသော Esty Collagen Soap အခု ၂၀၀၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၂၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Jinbei Haise Mini Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကို လည်းကောင်း **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၄၈၉၆၀၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇွန် ၁၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ထုတ်နုတ်ပူးပေါင်းအဖွဲ့က ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုလမ်းမကြီး မိုင်တိုင်အမှတ်(၉၈)မိုင်၊ (၄)ဖာလုံခန့် သစ်ဆိမ့်ပင် ကျေးရွာလမ်းခွဲရှောင်ကွင်း လမ်းအနီးတွင် ယာဉ်တစ်စီးအား စိစစ်၍ စစ်ဆေးရေးစခန်း၌ အသေးစိတ်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Gaysorn Vegetable Cooking Oil လီတာ ၁၄၄၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Toyota Hilux တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၆၀၀၀၀၀)**ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇွန် ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲခုနစ်မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၅၀၆၀၀၀၀) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်



## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဇွန် ၁၉

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က) နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်း ခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ်(၅)ရပ်ကွက်နေ ဇင်သက်ပိုင်(ခ) ဟေရှမ်းသည် ၎င်းအသုံးပြုသည့် “Hay Shan” Facebook အကောင့်၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ရန်အောင်မြေရပ်ကွက်နေ ဝင်းကျော်မိုးသည် ၎င်းအသုံးပြုသည့် “Win Kyaw Moe” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

## “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ် ထုတ်လွှင့်မည်

နေပြည်တော် ဇွန် ၁၉

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများအား သဇင်FM၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“ရန်ကုန်မြို့အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့် အကြမ်းဖက်အဖွဲ့ဝင်များအား ဖမ်းဆီးရမိသည့်ဖြစ်စဉ်”** ခေါင်းစဉ်ဖြင့် ၂၁-၆-၂၀၂၃ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်သည်။

အလားတူ လာမည့်အပတ် ဗုဒ္ဓဟူးနေ့မွန်းလွဲ ၁ နာရီတွင် **“ကော့ကရိတ်မြို့၊ သိမ်ဇရပ်မြို့အတွင်းသို့ KKO(ခွဲထွက်)အဖွဲ့၊ KNLAအဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်အဖွဲ့တို့က လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်မှုကြောင့် ဒေသခံပြည်သူ တစ်ဦးသေဆုံး၊ လေးဦးဒဏ်ရာရရှိခဲ့သည့်ဖြစ်စဉ်”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၀၉၉၅၉၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# မအီမြို့တွင် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲနှင့် နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲပြုလုပ်



မအီ ဇွန် ၁၉

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ် မအီမြို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်(အကြို) အသိပညာပေးဟောပြောပွဲ၊ ဓာတ်ပုံပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲများကို ယနေ့မွန်းလွဲပိုင်းက မအီမြို့ အခြေခံပညာအထက်တန်းကျောင်း (မြရတနာ)ခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသက်နောင်ထွန်းက ဟောပြောပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်နှင့် မူးယစ်ဆေးဝါး၏ ဆိုးကျိုးအန္တရာယ်များကို ဟောပြောသည်။ ဆက်လက်၍ မအီနယ်မြေရဲစခန်းမှ ဒုတိယရဲအုပ်မျိုးဇင်ယုက ကျောင်းသားကျောင်းသူများအား မူးယစ်ဆေးဝါးနှင့်ပတ်သက်ပြီး ပြဋ္ဌာန်းထားသည့် ပြစ်မှုပြစ်ဒဏ်များအကြောင်း အသိပညာပေးဟောပြောပြီး ကျောင်းအုပ်ဆရာကြီး ဦးသန်းဝင်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ပြသထားသည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဓာတ်ပုံပြပွဲနှင့် နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# ကျိုက်ထိုမြို့နယ်၌ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်ရေးအသိပညာပေး ဟောပြောပွဲကျင်းပ

ကျိုက်ထို ဇွန် ၁၉

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ် ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲနှင့် စွမ်းရည်ပြိုင်ပွဲကို ဇွန် ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။



ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က မူးယစ်အန္တရာယ် စုပေါင်းကာကွယ်အကြောင်းကို အသိပညာပေးဟောပြောခဲ့ပြီး စွမ်းရည်ပြိုင်ပွဲကိုပြုလုပ်ကာ ထူးချွန်သူများအား လက်ဆောင်ပစ္စည်းများကိုပေးအပ်ခဲ့သည်။

ထို့နောက် မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေး နံရံကပ်စာစောင်များ၊ လူကုန်ကူးမှုအန္တရာယ်ကာကွယ်ရေး နံရံကပ်စာစောင်များကို ပြသထားရာ တက်ရောက်လာကြသော ကျောင်းသားကျောင်းသူများ စိတ်ပါဝင်စားစွာ ကြည့်ရှုကြကြောင်း သိရသည်။

ကျိုက်ထို(ပြန်/ဆက်)

# သဃ်န်းကျွန်းပညာရေးဒီဂရီကောလိပ်၌ လူငယ်စကားဝိုင်းကျင်းပ

ရန်ကုန် ဇွန် ၁၉

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် သဃ်န်းကျွန်း ပညာရေးဒီဂရီကောလိပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသော လူငယ်စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက သဃ်န်းကျွန်း ပညာရေးဒီဂရီကောလိပ် ပညာနေခြည်ခန်းမ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားတွင် သဃ်န်းကျွန်း ပညာရေးဒီဂရီ ကောလိပ်မှ ကျောင်းအုပ်ကြီး ဒေါက်တာ ငြိမ်းသီအောင်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဆန်းဝင်းက လူငယ်စကားဝိုင်းကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။



**ဆွေးနွေး**

လူငယ် စကားဝိုင်းကို ဆက်လက်ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှနွယ်နှင့် သဃ်န်းကျွန်း ပညာရေးဒီဂရီကောလိပ် လူမှုရေးဘာသာရပ်များဌာနမှ နည်းပြ ဒေါ်ရွှေရည်ဝင်းတို့က ဦးဆောင်ဆွေးနွေးသူအဖြစ် ပါဝင်ဆောင်ရွက်ကြသည်။

စကားဝိုင်းတွင် လူငယ်နှင့်စာပေ၊ လူငယ်နှင့် နည်းပညာ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့် စာရိတ္တ၊ လူငယ်နှင့် ကျန်းမာရေး၊ လူငယ်နှင့် အားကစားခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြသည်။

ခရိုင်(ပြန်/ဆက်)

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၂၀-၆-၂၀၂၃ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၂၅ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၀ | ၂၀၇၀ | ၂၀၉၅ | ၂၀၈၀ | ၂၀၅၅ | ၂၁၅၅ | ၂၁၇၀ | ၂၀၆၀ | ၂၀၇၀ | ၂၁၀၀ | ၂၁၀၀ | ၂၁၀၀ | ၂၃၄၀ | ၂၇၀၀ |
| 95 Ron | ၂၁၂၅ | ၂၁၇၅ | ၂၁၇၀ | ၂၁၃၅ | ၂၁၇၀ | ၂၁၉၅ | ၂၁၈၀ | ၂၁၆၀ | ၂၂၅၅ | ၂၂၇၅ | ၂၁၆၅ | ၂၁၈၀ | ၂၂၀၀ | ၂၂၀၀ | ၂၂၁၅ | ၂၄၄၅ | ၂၈၀၀ |
| HSD (500 ppm) | ၂၀၀၅ | ၂၀၅၅ | ၂၀၅၀ | ၂၀၁၅ | ၂၀၅၀ | ၂၀၇၅ | ၂၀၇၀ | ၂၀၄၀ | ၂၁၆၀ | ၂၁၅၅ | ၂၀၄၅ | ၂၀၅၅ | ၂၀၉၀ | ၂၀၉၀ | ၂၀၉၅ | ၂၃၂၅ | ၂၈၀၀ |
| HSD (50 ppm) | ၂၀၈၅ | ၂၁၃၅ | ၂၁၃၀ | ၂၀၉၅ | ၂၁၃၀ | ၂၁၅၅ | ၂၁၅၀ | ၂၁၂၀ | ၂၂၄၀ | ၂၂၃၅ | ၂၁၂၅ | ၂၁၃၅ | ၂၁၇၀ | ၂၁၇၀ | ၂၁၇၅ | ၂၄၀၅ | ၂၈၆၀ |
| HSD (10 ppm) | ၂၀၈၅ | ၂၁၃၅ | ၂၁၃၀ | ၂၀၉၅ | ၂၁၃၀ | ၂၁၅၅ | ၂၁၅၀ | ၂၁၂၀ | ၂၂၄၀ | ၂၂၃၅ | ၂၁၂၅ | ၂၁၃၅ | ၂၁၇၀ | ၂၁၇၀ | ၂၁၇၅ | ၂၄၀၅ | ၂၈၆၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၁၉ | ၁၉၉၁ |
| 95 Ron | ၂၀၁၉ | ၂၀၉၃ |
| HSD (500 ppm) | ၁၉၀၆ | ၁၉၇၄ |
| HSD (50 ppm) | ၁၉၈၀ | ၂၀၄၉ |
| HSD (10 ppm) | ၁၉၈၀ | ၂၀၄၉ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# ဖျာပုံခရိုင်အတွင်း တရားမဝင်ကျားဖောင်များ လျှော့နည်းပပျောက်ရေး အသိပညာပေးဟောပြော

ဖျာပုံ ဇွန် ၁၉

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင်အတွင်း တရားမဝင်ကျားဖောင်များ လျှော့နည်းပပျောက်စေရေးအတွက် အသိပညာပေးဟောပြောခြင်းကို ဖျာပုံခရိုင်အတွင်း အင်္ဂလန်ကျားဖောင်လုပ်ငန်းလုပ်ကိုင်သည့် ချောင်းဝကျေးရွာ၊ ခါးပြတ်ကျေးရွာများသို့ ဇွန် ၁၄ ရက်က အဆိုပါကျေးရွာများရှိ ရေလုပ်ငန်းရှင်များ အသင်းရုံးတို့၌ ကျင်းပခဲ့သည်။

**ဆွေးနွေးပြောကြား**

အဆိုပါ ဟောပြောပွဲတွင် ဖျာပုံခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး၊ အမာမြို့ငါးလုပ်ငန်းဦးစီးမှူးနှင့် ဝန်ထမ်းများ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့၊ နယ်မြေခံရဲတပ်ဖွဲ့များနှင့် ကျားဖောင်လုပ်ငန်းရှင်များ တက်ရောက်သည်။ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးကိုကိုလွင်က ငါးမဖမ်းရ ရာသီအဖြစ် ငါးသားပေါက်ရာသီချိန်ဖြစ်သော ဧပြီ၊ မေ၊ ဇွန်လတို့တွင် ငါးများဖမ်းဆီးခြင်း မပြုလုပ်ရန်နှင့် Close Season ကာလအတွင်း တရားမဝင် ကျားဖောင်လုပ်ကိုင်ခြင်းမရှိစေရေး၊ အင်္ဂလန်ကျားဖောင်အား ရေယာဉ်တစ်စင်းလျှင် ခွင့်ပြုကိရိယာအရေအတွက် ရှစ်ဖောင်သာ လုပ်ကိုင်ရေး၊ ခွင့်ပြုကိရိယာမဟုတ်ဘဲ ကိရိယာလွဲမှားစွာ လုပ်ကိုင်ခြင်းမပြုရေး၊ ကမ်းဝေးငါးဖမ်းလိုင်စင်မရှိဘဲ အင်္ဂလန်ကျားဖောင်လုပ်ကိုင်မှုမရှိစေရေးတို့ကို ၂၀၂၃-၂၀၂၄ ခုနှစ် လုပ်ငန်းရာသီမစတင်မီ ရေလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးပြောကြားခဲ့သည်။

ပညာပေးဟောပြောပွဲ၌ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ရေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ အပါအဝင် ချောင်းဝကျေးရွာမှ ရေလုပ်ငန်းရှင် ၄၅ ဦး၊ ခါးပြတ်ကျေးရွာမှ ရေလုပ်ငန်းရှင် ၅၁ ဦးတို့နှင့် တွေ့ဆုံပြီး လုပ်ငန်းရှင်များ သိရှိလိုသည့်အချက်များကို ပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၁၃၈၅

## ဒေါက်တာခင်မောင်လွင်

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်ကို ရောက်ခဲ့ပါပြီ။ စာချစ်သူများ အားလုံး၊ မြန်မာနိုင်ငံသားအားလုံး၊ ကမ္ဘာသူ ကမ္ဘာသားအားလုံး "အသက်ရှည်စွာ၊ အနာမဲ့၍၊ ရန်ဘေးကင်းကြောင်း ကောင်းမှုမင်္ဂလာ ဖြစ်ပါစေကြောင်း" ဆုတောင်းဆုယူပြုလိုက်ရပါတယ်။

တောင်းတဲ့ဆုနဲ့ပြည့်ရဖို့တော့ အလုပ်တွေအများကြီးလုပ်ရပါ လိမ့်ဦးမယ်။ အခြေခံအကျဆုံးအလုပ်ကတော့ ကောင်းမှုကုသိုလ်အလုပ် တွေပဲဖြစ်ပါတယ်။ မင်္ဂလာတရားတွေကို သေသေချာချာနားလည်သူ တွေအတွက်ကတော့ လောကီ၊ လောကုတ္တရာ မင်္ဂလာတွေ ပြည့်ဝလာ ဖို့အတွက် တစ်ချက်ချင်းလုပ်ဆောင်စရာတွေကို တစ်ဆင့်ပြီးတစ်ဆင့် လုပ်ဆောင်သွားနိုင်ပါတယ်။ မင်္ဂလာတရား သုံးဆယ့်ရှစ်ပါးနဲ့အညီ လုပ်ဆောင်ကြရင်း အသက်ရှည်လာမယ်၊ အနာရောဂါကင်းရှင်းလာ မယ်၊ ရန်သူတွေ နည်းသွား၊ ဝေးသွားမယ်။ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ စွာနဲ့ မိမိတို့ရဲ့ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြမှာဖြစ်ပါတယ်။

ဆုတောင်းဖို့ရာ လွယ်ပါတယ်။ ဆုရဖို့တော့ မလွယ်လှပါဘူး။ အတော်ကို ကြိုးစားရပါမယ်။ အခုလည်း နှစ်သစ်ကိုကြိုဆိုလိုက်ရတာ အမောပဲ။ နှစ်သစ်လည်းကူးရော အသက်တစ်နှစ် ပိုကြီးလာခြင်းဆိုတဲ့ ဆုကိုပဲ အကုန်ရထားပါတယ်။ အသက်အရွယ်ရင့်လာတာနဲ့အမျှ ကိုယ့်ခန္ဓာဝန် ကိုယ်ထမ်းဆောင်ရတာတောင် အခက်အခဲတွေ ရှိလာပါ တယ်။ လျှောင်း၊ ထိုင်၊ ရပ်၊ သွား ဣရိယာပုတ်လေးပါးလုံးမှာ အခက် အခဲတွေ ရှိလာပါတယ်။

### အနေအထိုင်ပြောင်းတိုင်း သတိထားလာရ

"ငယ်သူမို့ နားမလည်" ခဲ့တဲ့ အရွယ်တွေ လွန်လာခဲ့တဲ့အခါမှ ကိုယ်ပိုင်ခန္ဓာလို့ ထင်ခဲ့တဲ့အရာက ပြန်ပြီးဆုံးမနေတာကို တစ်စ တစ်စသိလာ၊ နားလည်လာပါတယ်။ ဒါပေမဲ့ ကံကောင်းခြင်း လက်ဆောင်ပါပဲ။ အသက်တစ်နှစ် "အိုခွင့်" ရလာတာလည်း ကံကောင်းတာပဲ။ မသိဘဲနဲ့ အိုခဲ့ရတဲ့ နှစ်ပေါင်းများစွာ ကျော်လွန်ခဲ့ပြီးမှ သိသိသာသာအိုခွင့်ရလာတဲ့အခါ အသက်ရှည်လာခြင်းရဲ့ အကျိုး ကျေးဇူးတွေကို သိမြင်ခံစားခွင့်ရလာခဲ့ပါတယ်။ တစ်ချိန်က ပေါ့ပေါ့ ပါးပါး ကစားခုန်စားလာခဲ့တဲ့ ခန္ဓာကိုယ်ဟာ အခုတော့ အနေအထိုင် ပြောင်းတိုင်း သတိထားလာရပါတယ်။

ဒါတောင်မှ "နာနေတဲ့ခန္ဓာ" မဟုတ်သေးပါဘူး။ အိုရုံလေးပဲရှိပါ သေးတယ်။ မွေးကတည်းက ရောဂါအမျိုးမျိုးတွေ ခံစားခဲ့ရသူရော၊ ကူးစက်ရောဂါတွေရော၊ မကူးစက်တဲ့ရောဂါတွေရော အစုံပါပဲ။ ကံကောင်းချင်တော့ ဘယ်ရောဂါကမှ ကျွန်တော့်ခန္ဓာကိုယ်ပေါ်မှာ အခြေချနိုင်တာမရှိပါဘူး။ သွေးတိုး၊ ဆီးချို၊ နှလုံးရောဂါကအစ ယုတ်စွအဆုံး ကိုဗစ် - ၁၉ ဗိုင်းရပ်စ်ပိုးတောင် မနေနိုင်ဘူး။ ကံတွေ ဒီလိုကောင်းနေဆဲပါ။

"ကံ၊ ကံ၏အကျိုး" ဆိုတဲ့ "အလုပ်နဲ့ အလုပ်ရဲ့ရလဒ်" တွေ ကျွန်တော့်မှာ ရှိနေဆဲပါ။ ကံကောင်းနေ၍ ကောင်းတဲ့ကံအလုပ်တစ်ခု ကတော့ လုပ်မှပါပဲဆိုပြီး နှစ်သစ်မှာ "အသက်ရှည်ဖို့၊ အနာမဲ့ဖို့" ဆုတောင်းရင်း ကောင်းသောကျန်းမာရေးကို ဘယ်လိုပျိုးထောင်ကြ မလဲဆိုတာကို အသိအတွေ့ဖလှယ်လိုရင်း ဆန္ဒနဲ့မျှဝေခြင်းပါ။ တကယ် တော့ သတိထားမိတဲ့လူတိုင်းမှာ ဘာတွေက ကိုယ့်ကိုကျန်းမာ စေတယ်၊ ဘယ်အရာတွေက ကျန်းမာရေးကို ထိခိုက်စေတယ်ဆိုတာ သိထားကြပြီးသားပါ။

ဖဝါးလက်နှစ်လုံး၊ ပခုံးလက်နှစ်သစ် ဘဝစကတည်းကလည်း မိဘတွေရဲ့ ကောင်းရာညွှန်လတ်၊ အတတ်သင်ပေးခဲ့ကြတာကို တစ်ဆင့်ပြီးတစ်ဆင့်တက်ပြီး နာခံကျင့်သုံးခဲ့ရင်း လူလားမြောက်ခဲ့သူ ချည်းပါ။ ကံ့ကူဆံတွေမသုံးတော့တဲ့ခေတ်မှာ ကံ့ကူလက်လှည့် ဆရာတွေရဲ့ မေတ္တာတွေကို ခံယူနားလည်ဖို့ မလွယ်လှပေမယ့် အာစရိယ ဆရာ ဆရာမတွေမပါဘဲ လူရာဝင်ဖို့မလွယ်ဘူးဆိုတာ ကြာလေသိလေ ကျေးဇူးတင်မိလေပါပဲ။

ဆိုလိုရင်းကတော့ "ကျန်းမာခြင်း ဘယ်ကစ" ဆိုတဲ့ အဖြေဟာ မိဘတွေ၊ ဆရာတွေရဲ့လက်ထဲက စတယ်ဆိုတာပါပဲ။ အစကောင်းခဲ့ တယ်ဆိုရင်တော့ ကျန်းမာကြံ့ခိုင်တဲ့ လူ့အကျင့်စရိုက်တစ်ရပ်ကို ထူထောင်လို့ရပြီ။"ဇာတိပုညဂုဏ်" နဲ့ ကမ္ဘာ့အလယ်မှာ ရပ်တည်နိုင်ပြီ။

နိုင်ငံသားတစ်ဦးချင်းရဲ့ ကျန်းမာမှု၊ ကြံ့ခိုင်မှု၊ သက်တမ်းစေ့ အသက်ရှည်ရှည်နေနိုင်မှုတွေကို အခြေခံထားနိုင်ရင်တော့ မြန်မာ့ လူ့အဖွဲ့အစည်းဟာ ကျန်းမာကြံ့ခိုင်တဲ့ လူ့အဖွဲ့အစည်းတစ်ရပ် ဖြစ်နိုင်ပါတယ်။ ဒီနေရာမှာ လူ့အဖွဲ့အစည်းတစ်ခုလုံးရဲ့ ကျန်းမာမှုကို လွှမ်းမိုးထားတဲ့ အချက်တစ်ချက်ရှိနေတယ်ဆိုတာကိုတော့ ကမ္ဘာက သိလာကြပါတယ်။

> **‘ကျန်းမာရေး’ ဆိုတာကို အဓိပ္ပာယ်ဖွင့်ဆိုရာမှာ ရောဂါဘယတွေ ကင်းဝေးပြီး ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခဆိုတာတွေနဲ့ ပြည့်စုံနေရင် ကျန်းမာပြီလို့ဆိုခဲ့ကြပါတယ်။ လူမှာ ရောဂါလည်းမရှိဘူး၊ သန်သန် စွမ်းစွမ်းပဲ၊ စိတ်ရောဂါတွေလည်း မရှိဘူး၊ စိတ်ချမ်းသာမှုကို ရယူနိုင်တယ်။ လူမှုဆက်ဆံရေးတွေနဲ့ အုပ်စုဖွဲ့ပြီး အင်အားစုစည်းလို့လည်းရတယ်။ ဒါဆိုရင် ကျန်းမာပြီလားလို့ ထင်ကြသတဲ့။ မေတ္တာစိတ်မရှိတဲ့ လူ့အဖွဲ့အစည်း တွေရဲ့ အားပြိုင်မှုတွေပေါ့၊ ကမ္ဘာကြီးတစ်ခုလုံးမှာ သောကတွေ ဝေလာတဲ့အလျောက် လူမှုဆက်ဆံရေးတွေ၊ လူအုပ်စုချင်း၊ နိုင်ငံချင်းဆက်ဆံရေးတွေမှာ ‘ကောင်းကျိုးလိုရာဆန္ဒ’ တွေ ရှိကြမှသာ ကျန်းမာတဲ့လူ့အဖွဲ့ အစည်းကြီးတွေဖြစ်လာမယ်လို့ သတ်မှတ်ဆုံးဖြတ်**

### ကျန်းမာတဲ့ လူ့အဖွဲ့အစည်းကြီး

တစ်ချိန်က ‘ကျန်းမာရေး’ ဆိုတာကို အဓိပ္ပာယ်ဖွင့်ဆိုရာမှာ ရောဂါဘယတွေ ကင်းဝေးပြီး ကာယသုခ၊ စိတ္တသုခ၊ လူမှုရေးသုခ ဆိုတာတွေနဲ့ ပြည့်စုံနေရင် ကျန်းမာပြီလို့ဆိုခဲ့ကြပါတယ်။ လူမှာ ရောဂါလည်းမရှိဘူး၊ သန်သန်စွမ်းစွမ်းပဲ၊ စိတ်ရောဂါတွေလည်း မရှိဘူး၊ စိတ်ချမ်းသာမှုကို ရယူနိုင်တယ်။ လူမှုဆက်ဆံရေးတွေနဲ့ အုပ်စုဖွဲ့ပြီး အင်အားစုစည်းလို့လည်းရတယ်။ ဒါဆိုရင် ကျန်းမာပြီလားလို့ ထင်ကြ သတဲ့။ "မေတ္တာစိတ်မရှိတဲ့ လူ့အဖွဲ့အစည်းတွေရဲ့ အားပြိုင်မှုတွေပေါ့၊ ကမ္ဘာကြီးတစ်ခုလုံးမှာ သောကတွေ ဝေလာတဲ့အလျောက် လူမှုဆက်ဆံ ရေးတွေ၊ လူအုပ်စုချင်း၊ နိုင်ငံချင်းဆက်ဆံရေးတွေမှာ ‘ကောင်းကျိုး လိုရာဆန္ဒ’ တွေ ရှိကြမှသာ ကျန်းမာတဲ့လူ့အဖွဲ့အစည်းကြီးတွေ ဖြစ်လာမယ်လို့ သတ်မှတ်ဆုံးဖြတ်လာကြပါတယ်။

ဒါပေမဲ့ ကောင်းကျိုးလိုရာဆန္ဒအပေါ်မှာ အခြေခံပြီး သုံးသပ် ဆုံးဖြတ်ဆောင်ရွက်ရတဲ့ လောကီတာဝန်တွေက များပြားလှပါတယ်။ မိမိကိုယ်တိုင်ကစလို့ မိသားစု၊ ရပ်ရွာ၊ နိုင်ငံလူ့အဖွဲ့အစည်းတစ်ခုလုံး ရင်ဝယ်ပိုက်ထားရမယ့် အခြေခံက ‘ကောင်းကျိုးလိုရာဆန္ဒ’ တွေပဲ ဖြစ်ပါတယ်။ ကိုယ်တိုင်ကစလို့ ‘မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား’ ကြရင်းနဲ့ လူ့အဖွဲ့အစည်းတစ်ရပ်လုံးမှာ စိတ်ကောင်းစေတနာကောင်းတွေနဲ့ ကောင်းမှုတွေ ဆောင်လာနိုင်တာနဲ့ အမျှ မကောင်းမှုတွေ လျော့ပါးပျောက်ကွယ်သွားနိုင်မယ်လို့ ယုံကြည် ပါတယ်။"

"ကျန်းမာခြင်း" အတွက် စဉ်းစားလိုက်ရင် ဒီအချက်တွေ စုံညီစွာ ပါရှိလာဖို့လိုတယ်။ တစ်ဦးချင်းကစလို့ လူ့အဖွဲ့အစည်းတစ်ရပ်လုံးက ညီညီညာညာရုန်းကြရမယ့် ဦးတည်ချက်တစ်ရပ်လည်း ဖြစ်လာဖို့ လိုပါတယ်။ နိုင်ငံ့မိဘ အစိုးရအနေနဲ့လည်း ဦးစားပေးအစီအစဉ်ထဲမှာ ထည့်ထားဖို့လိုပါတယ်။ ဒီနှစ်ထဲမှာ ဦးတည်လာတဲ့ ကျန်းမာရေး လမ်းညွှန်ချက်ကတော့ "နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှု ကို ပိုမိုခိုင်မာအောင် တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည် ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး" ပဲဖြစ်ပါတယ်။

စိတ်ဖြာသုံးသပ်ကြည့်ရင်-

(၁) တစ်မျိုးသားလုံး အသက်ရှည်ဖို့ ရည်ရွယ်တယ်။

(၂) တစ်မျိုးသားလုံး ကျန်းမာဖို့ ရည်ရွယ်တယ်။

(၃) ကျန်းမာရေးစနစ်ဖြစ်ပေါ်လာဖို့ တည်ဆောက်ကြမယ်။

(၄) နိုင်ငံရဲ့ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာ စေရမယ်။

ဆိုတဲ့ အချက်လေးချက်ကို တွေ့ရမှာဖြစ်ပါတယ်။ စနစ်ကောင်း တစ်ခုဖြစ်ဖို့အတွက် အခြေခံကောင်းရှိရမယ်။ ဒါမှလည်း ကျန်းမာခြင်း၊ အသက်ရှည်ခြင်းဆိုတဲ့ ဆုလာဘ်ကို ရလာမှာဖြစ်ပါတယ်။

### အခွင့်ထူးကို ခံစားနေ

၁၃၈၅ ခုနှစ်မှာ ကျွန်တော်ကျန်းမာနေပါတယ်။ ကျွန်တော့် အသက်ရဲ့ ထက်ဝက်မကတဲ့အချိန်တွေကို မြန်မာနိုင်ငံသားတွေ ကျန်းမာဖို့ ရွာစဉ်လှည့်အသိပညာမြှင့်တင်ရင်း အသုံးချခဲ့တယ်။ မရေ မတွက်နိုင်တဲ့ အသိပညာဆိုင်ရာစာရွက်စာတမ်းတွေကို ရွာထဲက တဲထဲက ထရံတွေသာမက ရွာထိပ်က သစ်ပင်တွေမှာပါ ကပ်ထားပြီး ကျန်းမာရေးသတိရှိစေဖို့ အသိပေးခဲ့တယ်။ ဒီကောင်းကျိုးလိုရာဆန္ဒနဲ့ လုပ်ခဲ့တဲ့ အလုပ်တွေရဲ့ ရလဒ်အဖြစ် "ကျန်းမာ၍ အသက်ရှည်ခြင်း" အခွင့်ထူးကို ခံစားနေရဆဲပါ။

ဒါထက်မက "ကျန်းမာတဲ့၊ ကျန်းမာခြင်းကို ဖော်ဆောင်နိုင်မယ့်" လူ့စွမ်းအားအရင်းအမြစ်တွေ မြန်မာတစ်နိုင်ငံလုံးမှာ မြစ်ရေလိုပဲ တသွင်သွင်စီးဆင်းနေပါစေလို့ ဆုတောင်းပါတယ်။ ။

## ကျုံပျော်မြို့ ပြည်သူများထံသို့ ဆီနှင့် အခြေခံစားကုန်များ ဈေးနှုန်းချိုသာစွာရောင်းချ

**ကျုံပျော် ဇွန် ၁၉**

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့၌ ပြည်သူများ စားဝတ်နေရေး တစ်ဖက်တစ်လမ်းမှ အဆင်ပြေစေရေးအတွက် ဆီနှင့် အခြေခံ စားကုန်များ ဈေးနှုန်းချိုသာစွာဖြင့် ဖြန့်ဖြူးရောင်းချခြင်းကို ယနေ့ နံနက်ပိုင်းတွင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ထိုသို့ရောင်းချရာတွင် ပင်လုံရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ကြီးကြပ်မှုဖြင့် အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ဆား၊ ကြက်ဥ၊ ဘဲဥ၊ ဝက်သားနှင့် အသီးအရွက်များကို ပြည်သူများထံ ဈေးနှုန်းချိုသာစွာရောင်းချပေးနေမှုကို ကျုံပျော်ခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဒေါ်ယဉ်ဝင်းစော၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇေယျမင်းနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုအားပေးကြသည်။

အလားတူ အောင်ဆန်းရပ်ကွက် သုဇနကာရီ သီလရှင်စာသင်တိုက်အတွင်း၌လည်း ဧရာဝတီတိုင်း ဆီကုန်သည်ကြီးများအသင်းနှင့် ဆီလုပ်ငန်းရှင်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်း၍ ရပ်ကွက်နေ ပြည်သူများအား တစ်ဦးလျှင် ဆီတစ်ပိဿာ ငွေကျပ် ၄၂၀၀ နှုန်းဖြင့် စုစုပေါင်း ဆီပိဿာ ၅၅၀ အား ရောင်းချပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# အုတ်ဖိုမြို့နယ်၌ ငရုတ်သီးစိုက် တောင်သူများ အကျိုးအမြတ်ရရှိ

ပဲခူး ဇွန် ၁၉

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ်၌ ငရုတ်သီးစိမ်းများ လှိုင်လှိုင်ထွက်ပေါ်နေပြီး ဈေးကောင်းရလျက်ရှိကြောင်း၊ ဈေးကွက်အတွင်း၌ အုတ်ဖိုငရုတ်နာမည်ဖြင့် ဈေးကွက်ရနေပြီး အုတ်ဖိုမြို့နယ်တွင် ကျေးရွာပေါင်း ၂၂ ရွာခန့်မှ ငရုတ်စိုက်ဧက ၄၀၀ ကျော်ကို စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

ငရုတ်ပင်သည် အပူပိုင်းနှင့် သမပိုင်းရာသီကို ကြိုက်နှစ်သက်သော သီးနှံဖြစ်ပြီး တစ်ဧကလျှင် အပင်ပေါင်း ၁၀၀၀ ခန့်ဖြင့် တန်းကြား သုံးပေခွာ၍ စိုက်ပျိုးရကြောင်း သိရှိရသည်။ ငရုတ်သီးနှံကို စိုက်ပျိုးပြီး ရက်ပေါင်း ၉၀ အကြာတွင် ခူးဆွတ်ရကာ ရက် ၉၀ မှ ရက် ၁၅၀ အထိ ခူးဆွတ်ရကြောင်း၊ ငရုတ်သီးစိမ်းမျိုးများအနေဖြင့် ကုလားအော်၊ မိုးမျှော်သီး၊ ရွှေအပ်သီး၊ ပီနံသီးစသည့် ငရုတ်သီးစိမ်းမျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်း၊ ဈေးနှုန်းအနေဖြင့် ငရုတ်ဒိုင်ကောက်ဈေးအရ တစ်ပိဿာလျှင် ငွေကျပ် ၃၅၀၀ မှ ၄၅၀၀ အထိ ရရှိကြကြောင်း သိရသည်။

ငရုတ်စိုက်ပျိုးမှု ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၈၀၀၀၀၀ ခန့် ကုန်ကျပြီး ဝင်ငွေအနေဖြင့် ပျမ်းမျှ ငွေကျပ်၂၈၀၀၀၀၀ ခန့် ရရှိနိုင်သည်။ အကျိုးအမြတ်အနေဖြင့် ငွေကျပ်သိန်း ၂၀ ခန့် ရရှိနိုင်သဖြင့် တောင်သူများ တွက်ခြေကိုက်သည့် သီးနှံတစ်ခုဖြစ်ကြောင်း သိရသည်။

DOCA (ပဲခူး)





# လယ်ယာထွက်ကုန်သီးနှံများ ဈေးကောင်းရရှိ

မိတ္ထီလာ ဇွန် ၁၉

မိတ္ထီလာခရိုင်အတွင်း ၂၀၂၃ ခုနှစ် ဇွန်လဆန်း၌ ဈေးကွက်အတွင်း ဖြစ်ပေါ်နေသော လယ်ယာထွက်ကုန်သီးနှံ ဈေးနှုန်းများအရ ယခုနှစ်တွင် မနော်သုခဆန် တစ်အိတ်လျှင် ငွေကျပ် ၇၅၀၀၀၊ ပဲတီစိမ်း တစ်တင်းလျှင် ငွေကျပ် ၈၀၀၀၀၊ ပဲစင်းငုံ တစ်တင်းလျှင် ငွေကျပ် ၈၀၀၀၀၊ နှမ်းနက် တစ်တင်းလျှင် ငွေကျပ် ၈၀၀၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀ မှ ၂၀၀၀၊ ငရုတ် တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀၀၊ ဝါသီးနှံ တစ်ပိဿာလျှင် ငွေကျပ် ၂၈၀၀ ဖြင့် အရောင်းအဝယ်ဖြစ်ခဲ့ပြီး၊ ယခင်နှစ်တွင် မနော်သုခဆန် တစ်အိတ်လျှင် ငွေကျပ် ၅၅၀၀၀၊ ပဲတီစိမ်းတစ်တင်းလျှင် ငွေကျပ် ၆၀၀၀၀၊ ပဲစင်းငုံ တစ်တင်းလျှင် ငွေကျပ် ၇၅၀၀၀၊ နှမ်းနက်တစ်တင်းလျှင် ငွေကျပ်၆၀၀၀၀၊ ကြက်သွန်နီ တစ်ပိဿာလျှင် ငွေကျပ် ၃၀၀ မှ ၃၅၀၊ ငရုတ်တစ်ပိဿာလျှင် ငွေကျပ် ၆၀၀၀၊ ဝါသီးနှံ တစ်ပိဿာလျှင် ငွေကျပ် ၂၅၀၀ ဈေးသာရှိခဲ့ပြီး ယခင်နှစ်နှင့် ယခုနှစ်ကာလတူ နှိုင်းယှဉ်လျှင် သီးနှံဈေးနှုန်းများ မြင့်တက်လာသဖြင့် တောင်သူများအတွက် အကျိုးအမြတ်ရရှိ၍ ယခုနှစ် မိုးရာသီတွင် သီးနှံများ ပိုမိုစိုက်ပျိုးမည်ဖြစ်ကြောင်း တောင်သူများထံမှ သိရသည်။

DOCA (မန္တလေး)

# မိတ္ထီလာခရိုင်အတွင်း ကြက်သွန်နီ ဈေးနှုန်းဈေးကွက်

မိတ္ထီလာ ဇွန် ၁၉

မိတ္ထီလာခရိုင်တွင် ကြက်သွန်နီဈေးနှုန်းမှာ ကျေးရွာပေါက်ဈေး တစ်ပိဿာလျှင် ငွေကျပ် ၁၈၀၀ မှ ၂၂၀၀၊ မြို့ပေါ်ဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၂၂၀၀ မှ ၂၃၀၀ ဖြင့် ယခင်တစ်ပတ်ဈေးနှင့် ကွာခြားမှုမရှိဘဲ ဈေးငြိမ်နေကြောင်းသိရသည်။ ဈေးကွက်အနေဖြင့် ဇွန်လတတိယပတ်အတွင်း မိတ္ထီလာမှရန်ကုန်သို့ ၁၂ ဘီးကား သုံးစီးဖြင့် အခြားကုန်များနှင့်ရော၍ ကုန်ချိန်ပိဿာ ၁၀၀၀၀ ခန့်၊ ပဲခူးသို့ တစ်ရက်လျှင် ခြောက်ဘီးကားတစ်စီးဖြင့် အခြားကုန်များနှင့်ရော၍ ကုန်ချိန်ပိဿာ ၃၀၀၀၀ ခန့်၊ မူဆယ်သို့ တွဲကားနှစ်စီးဖြင့် ကုန်ချိန် ၆၄ တန်၊ မြဝတီသို့ ၁၂ ဘီးကား ခြောက်စီးဖြင့် ကုန်ချိန် ၁၀၂ တန် တင်ပို့ခဲ့ကြောင်း သိရသည်။ ကုန်တင်ခအနေဖြင့် တစ်ပိဿာလျှင် မိတ္ထီလာ-ရန်ကုန် ငွေကျပ် ၁၁၀၊ မိတ္ထီလာ-ပဲခူး ငွေကျပ် ၁၁၀၊ မိတ္ထီလာ-မူဆယ် ငွေကျပ် ၂၀၀ နှင့် မိတ္ထီလာ-မြဝတီ ငွေကျပ် ၁၅၀ ရှိကြောင်း သိရသည်။

DOCA(မန္တလေး)

# မိတ္ထီလာခရိုင်၏ မိုးသီးနှံများ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိ

မန္တလေး ဇွန် ၁၉

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်အတွင်း မိုးသီးနှံ မြေပဲ၊ နှမ်း၊ ဝါ၊ ပဲစင်းငုံများကို အဓိကစိုက်ပျိုးပြီး ကျေးရွာအချို့တွင် ပဲတီစိမ်းများလည်း စိုက်ပျိုးကြသည်။ ယခုအခါ နေကြာဆီသည် ဈေးကောင်းရသဖြင့် နေကြာသီးနှံ စိုက်ပျိုးမှုများပြားလာကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၌ မိတ္ထီလာခရိုင်တွင် မိုးသီးနှံစိုက်ပျိုးရန် လျာထားချက်မှာ မိုးနှမ်း ၉၉၄၀၉ ဧက၊ မိုးနေကြာ ၄၅ ဧက၊ မိုးကြိုဝါ ၂၇၃၂ ဧက၊ မိုးဝါ ၂၅၇၄ ဧက၊ မိုးကြိုပဲတီစိမ်း ၉၆၈၂ ဧက၊ မိုးပဲတီစိမ်း ၃၉၄၅ ဧက၊ ပဲစင်းငုံ ၂၁၄၇၃ ဧကနှင့် ပဲနောက် ၈၃၁ ဧကရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ သိရသည်။

မိုးသီးနှံများတွင် မိုးနှမ်းကို မလှိုင်မြို့နယ်၌ ဧက ၆၀၀၀၀ ခန့်၊ ဝမ်းတွင်းမြို့နယ်၌ ဝါကို ဧက ၂၅၀၀ ကျော်နှင့် ပဲတီစိမ်းဧက ၂၂၀၀ ခန့်ဖြင့် အများဆုံးစိုက်ပျိုးကြောင်း၊ မလှိုင်မြို့နယ်တွင် ပဲနောက်(ခေါ်)ပဲတီစိမ်းဧက ၆၀၀ ကျော် စိုက်ပျိုးခဲ့ကြောင်း၊ မေလလယ်နှင့် ဇွန်လဆန်းတွင် မိုးရွာသွန်းခြင်းကြောင့် သီးနှံပင်များ ဖြစ်ထွန်းအားကောင်းနိုင်ကြောင်း တောင်သူများထံမှ သိရသည်။

DOCA(မန္တလေး)

## ၁၉-၆-၂၀၂၃ ရက်နေ့ တိုင်းဒေသကြီးနှင့် ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါးဈေးနှုန်းများ

ရေတွက်ပုံ(ကျပ်)

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ညို့မထ | ငစိန် | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ |
| ၁ | မြစ်ကြီးနား | ၃၂၀၀ | | ၉၀၀၀ | ၇၂၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၇၀၀၀ | ၇၅၀၀ | ၃၅၀၀ | ၇၀၀၀ | ၁၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၈၀၀ | ၁၃၀၀၀ | ၂၂၀၀၀ | ၁၈၀၀၀ | ၂၆၀၀၀ | ၁၄၀၀၀ |
| ၂ | လားရှိုး | ၂၈၀၀ | ၂၈၀၀ | ၁၄၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၄၅၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၆၀၀ | ၇၅၀၀ | ၅၂၀၀ | ၄၀၀၀ | ၃၅၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၃ | ကျိုင်းတုံ | ၃၂၀၀ | | ၁၆၀၀၀ | ၇၃၀၀ | ၁၈၀၀၀ | ၃၃၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၀၀၀ | ၂၅၀၀ | ၁၀၀၀ | ၈၅၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၂၂၀၀၀ | ၂၄၀၀၀ | | ၁၁၀၀၀ |
| ၄ | တောင်ကြီး | ၃၀၀၀ | ၂၆၀၀ | ၉၅၀၀ | ၆၅၀၀ | ၂၂၀၀၀ | ၃၀၀၀ | ၆၅၀၀ | ၆၅၀၀ | ၃၅၀၀ | ၃၅၀၀ | ၆၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၅၀၀ | ၁၂၀၀၀ | ၁၉၀၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၁၀၀၀၀ |
| ၅ | လွိုင်ကော် | ၃၈၀၀ | ၂၉၀၀ | ၁၇၀၀၀ | ၈၈၀၀ | ၃၈၀၀၀ | ၂၈၀၀ | ၄၅၀၀ | ၅၂၀၀ | ၅၅၀၀ | ၄၅၀၀ | ၆၀၀ | ၇၅၀၀ | ၅၈၀၀ | ၃၇၀၀ | ၃၅၀၀ | ၄၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၈၀၀၀ | ၂၇၀၀၀ | ၉၀၀၀ |
| ၆ | ဘားအံ | ၂၇၀၀ | | ၁၂၀၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၇၀၀ | ၇၀၀၀ | ၈၀၀၀ | ၅၀၀၀ | ၇၅၀၀ | ၈၀၀ | ၈၃၀၀ | ၆၅၀၀ | ၃၂၀၀ | ၂၅၀၀ | ၃၅၀၀ | ၁၀၅၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၂၃၀၀၀ | ၈၀၀၀ |
| ၇ | မော်လမြိုင် | ၂၈၀၀ | | ၁၄၅၀၀ | ၇၀၀၀ | ၁၆၀၀၀ | ၂၆၀၀ | ၈၀၀၀ | ၉၀၀၀ | ၆၀၀၀ | ၁၂၀၀၀ | ၈၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၅၀၀၀ | ၃၀၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၀၀၀၀ |
| ၈ | ထားဝယ် | ၄၀၀၀ | | ၁၇၀၀၀ | ၇၅၀၀ | ၁၈၀၀၀ | ၂၇၀၀ | ၇၆၀၀ | ၇၅၀၀ | ၄၈၀၀ | ၉၅၀၀ | ၇၀၀ | ၆၅၀၀ | ၆၀၀၀ | ၆၀၀၀ | ၃၄၀၀ | ၃၆၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၉ | မြိတ် | ၃၀၀၀ | | ၁၆၀၀၀ | ၆၆၀၀ | ၁၈၀၀၀ | ၂၇၀၀ | ၇၀၀၀ | ၈၀၀၀ | ၄၄၀၀ | ၉၀၀၀ | ၇၅၀ | ၇၈၀၀ | ၆၀၀၀ | ၄၇၀၀ | ၃၀၀၀ | ၄၀၀၀ | ၁၃၀၀၀ | ၂၀၀၀၀ | ၁၉၀၀၀ | ၂၅၀၀၀ | |
| ၁၀ | ရန်ကုန် | ၂၇၀၀ | ၂၅၀၀ | ၁၄၀၀၀ | ၄၆၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၈၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၆၀၀ | ၆၅၀၀ | ၆၀၀၀ | ၄၀၀၀ | ၃၂၀၀ | ၃၈၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၉၀၀၀ | ၂၉၀၀၀ | ၁၂၀၀၀ |
| ၁၁ | ပုသိမ် | ၂၈၀၀ | | ၁၄၀၀၀ | ၆၃၀၀ | ၁၄၀၀၀ | ၂၅၀၀ | ၆၀၀၀ | ၇၅၀၀ | ၅၀၀၀ | ၅၅၀၀ | ၄၀၀ | ၆၅၀၀ | ၆၁၀၀ | ၄၅၀၀ | ၃၀၀၀ | ၃၄၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၂ | စစ်တွေ | ၃၇၅၀ | ၃၅၀၀ | ၁၅၀၀၀ | ၆၀၀၀ | ၂၀၀၀၀ | ၃၀၀၀ | ၈၅၀၀ | ၉၀၀၀ | ၅၀၀၀ | ၅၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၀၀၀ | ၂၅၀၀ | ၄၀၀၀ | ၃၅၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | |
| ၁၃ | ဟားခါး | ၄၃၅၀ | | ၁၈၀၀၀ | | ၂၅၀၀၀ | ၃၀၀၀ | ၅၀၀၀ | | | ၃၀၀၀ | ၁၀၀၀ | | ၆၀၀၀ | | ၄၀၀၀ | ၅၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ |
| ၁၄ | မုံရွာ | ၄၁၀၀ | | ၁၃၅၀၀ | ၆၈၀၀ | ၁၉၀၀၀ | ၂၂၀၀ | ၆၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၅၀၀၀ | ၈၀၀ | ၆၆၀၀ | ၆၈၀၀ | ၄၀၀၀ | ၂၂၀၀ | ၃၆၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၇၀၀၀ | ၂၆၀၀၀ | ၈၀၀၀ |
| ၁၅ | မန္တလေး | ၃၀၀၀ | ၂၅၀၀ | ၁၃၅၀၀ | ၆၇၀၀ | ၂၂၀၀၀ | ၁၉၀၀ | ၆၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၆၅၀၀ | ၈၀၀ | ၈၃၀၀ | ၆၈၀၀ | ၆၀၀၀ | ၂၈၀၀ | ၃၆၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၁၆ | ပခုက္ကူ | ၃၅၀၀ | | ၁၃၀၀၀ | ၆၆၀၀ | ၂၀၀၀၀ | ၂၃၀၀ | ၈၀၀၀ | ၆၅၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀ | ၇၅၀၀ | ၇၅၀၀ | ၃၀၀၀ | ၃၃၀၀ | ၃၄၀၀ | ၁၄၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၇၅၀၀ |
| ၁၇ | မကွေး | ၃၅၀၀ | | ၁၂၅၀၀ | ၆၄၀၀ | ၁၈၀၀၀ | ၂၈၀၀ | ၅၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၂၈၀၀ | ၁၀၀၀ | ၆၅၀၀ | ၇၀၀၀ | ၅၅၀၀ | ၃၂၀၀ | ၃၀၀၀ | ၁၄၀၀၀ | ၁၉၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၇၀၀၀ |
| ၁၈ | ပြည် | ၂၇၅၀ | | ၁၃၅၀၀ | ၆၇၀၀ | ၂၅၀၀၀ | ၂၄၀၀ | ၆၀၀၀ | ၈၀၀၀ | ၄၅၀၀ | ၈၅၀၀ | ၆၀၀ | ၆၀၀၀ | ၆၂၀၀ | ၄၀၀၀ | ၃၂၀၀ | ၃၂၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၉၀၀၀ |
| ၁၉ | ပဲခူး | ၂၈၅၀ | | ၁၄၅၀၀ | ၆၇၀၀ | ၁၆၀၀၀ | ၂၆၀၀ | ၆၅၀၀ | ၇၅၀၀ | | ၈၀၀၀ | ၆၀၀ | ၈၀၀၀ | ၆၇၀၀ | ၃၅၀၀ | ၃၀၀၀ | ၃၇၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၆၅၀၀ |
| ၂၀ | ပျဉ်းမနား | ၃၀၀၀ | | ၁၄၀၀၀ | ၆၂၀၀ | ၁၈၅၀၀ | ၂၀၀၀ | ၆၁၀၀ | ၇၂၀၀ | ၄၂၀၀ | ၅၉၀၀ | ၅၀၀ | ၇၀၀၀ | ၅၈၀၀ | ၄၀၀၀ | ၂၂၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၁၈၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၁ | နေပြည်တော် | ၃၀၀၀ | | ၁၄၅၀၀ | ၆၂၀၀ | ၂၀၀၀၀ | ၂၂၀၀ | ၆၁၀၀ | ၇၅၀၀ | ၄၅၀၀ | ၆၅၀၀ | ၅၀၀ | ၇၂၀၀ | ၅၈၀၀ | ၄၂၀၀ | ၂၄၀၀ | ၃၅၀၀ | ၁၃၀၀၀ | ၁၈၅၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၀၀၀၀ |
| ၂၂ | ကလေး | ၃၅၀၀ | ၃၁၀၀ | ၁၄၀၀၀ | ၇၀၀၀ | ၂၂၀၀၀ | ၂၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၇၀၀ | ၈၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၃၂၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၄၀၀၀ | ၇၅၀၀ |

မှတ်ချက်။ (၁) ညို့မထဆန် တစ်ပြည်လျှင် ကျိုင်းတုံတွင် ၅၀ကျပ် ၊ စားအုန်းဆီ တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၃၀၀ကျပ်၊ တောင်ကြီးနှင့် မန္တလေးတွင် ၁၀၀ကျပ်၊ မြစ်ကြီးနား၊ မုံရွာ၊ ပခုက္ကူ နှင့် မကွေးတွင် ၂၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ထားဝယ်တွင် ၅၀၀ကျပ်၊ စစ်တွေတွင် ၂၀၀၀ကျပ်၊ ကြက်သွန်ဖြူ (ရှမ်းစ) တစ်ပိဿာလျှင် ထားဝယ်တွင် ၁၀၀ကျပ် ၊ စစ်တွေတွင် ၁၅၀၀ကျပ် ၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၅၀၀ကျပ်၊ (ကြူကုတ်စ) တစ်ပိဿာလျှင် စစ်တွေတွင် ၁၀၀၀ကျပ်၊ ကလေးတွင် ၅၀၀ကျပ်၊ နနွင်းတက် တစ်ပိဿာလျှင် ပခုက္ကူတွင် ၅၀၀ကျပ်၊ ချင်း တစ်ပိဿာလျှင် လွိုင်ကော်တွင် ၁၀၀၀ကျပ်၊ ထားဝယ်တွင် ၁၅၀၀ကျပ်၊ ရန်ကုန်၊ မုံရွာ၊ ပခုက္ကူ၊ ပြည်၊ ပျဉ်းမနားနှင့် နေပြည်တော်တွင် ၅၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် ပဲခူးတွင် ၁၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် ထားဝယ်တွင် ၁၀၀၀ကျပ်၊ အာလူး တစ်ပိဿာလျှင် ထားဝယ်တွင် ၁၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် ထားဝယ်တွင် ၃၀၀ကျပ်၊ ပြည်တွင် ၂၀၀ကျပ်၊ ဝက်သား တစ်ပိဿာလျှင် လွိုင်ကော်တွင် ၁၀၀၀ကျပ်၊ အမဲသားနှင့် ဆိတ်သား တစ်ပိဿာလျှင် ရန်ကုန်တွင် ၁၀၀၀ကျပ် ဈေးတက်ခဲ့ပါသည်။

(၂) စားအုန်းဆီ တစ်ပိဿာလျှင် စစ်တွေတွင် ၂၀၀၀ကျပ်၊ ငရုတ်ခြောက် တစ်ပိဿာလျှင် ပုသိမ်တွင် ၂၀၀၀ကျပ်၊ ကြက်သွန်နီ တစ်ပိဿာလျှင် ကျိုင်းတုံတွင် ၂၀၀ကျပ်၊ မြိတ်၊ ပုသိမ်နှင့် မုံရွာတွင် ၁၀၀ကျပ်၊ ကြက်သွန်ဖြူ(ကြူကုတ်) တစ်ပိဿာလျှင် ပခုက္ကူတွင် ၅၀၀ကျပ်၊ ကုလားပဲဝါ တစ်ပိဿာလျှင် ပြည်တွင် ၅၀၀ကျပ်၊ မန်ကျည်းသီး တစ်ပိဿာလျှင် ရန်ကုန်တွင် ၁၀၀၀ကျပ်၊ သကြား တစ်ပိဿာလျှင် ဘားအံတွင် ၁၀၀ကျပ်၊ ဝက်သား တစ်ပိဿာလျှင် ပုသိမ်တွင် ၂၀၀၀ကျပ်၊ အမဲသား တစ်ပိဿာလျှင် တောင်ကြီးတွင် ၁၀၀၀ကျပ် ဈေးကျခဲ့ပါသည်။

## ကန့်ကွက်နိုင်ပါကြောင်း ကြော်ငြာချက်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ ဗဟိုစည်အိမ်ရာ၊ အမှတ် (၆၃/၆၃) ဟုခေါ်တွင်သော (၄၂)ခန်းပါ HOTEL BOHOSI (ဟိုတယ်ဗဟိုစည်) ၏ ဟိုတယ်လုပ်ငန်းလိုင်စင်သည် ဟိုတယ်နှင့် ခရီးသွားလာရေး ဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒေသဆိုင်ရာ ခရီးသွားလုပ်ငန်းကော်မတီမှ ဟိုတယ်လုပ်ငန်းဆောင်ရွက်သူအဖြစ် ဦးမောင်မောင် (၉/မရမ(နိုင်)၀၈၅၄၆၅)၊ အမည်ဖြင့် မှတ်သားထားရှိပါသည်။

ယခုအခါ ဟိုတယ်လုပ်ငန်းလိုင်စင်အမည်ပေါက် ဦးမောင်မောင်သည် (၂၀-၈-၂၀၂၂)ရက်နေ့က ကွယ်လွန်သွားခဲ့ပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ ဟိုတယ်ဗဟိုစည်၏ လုပ်ငန်းလိုင်စင်အမည်ပေါက်ဖြစ်သော ဦးမောင်မောင် အမည်နေရာတွင် ဦးအောင်မြို့လင်း (၁၂/လမတ(နိုင်)၀၃၄၀၅၃) အမည်ဖြင့် ဟိုတယ်လုပ်ငန်းလိုင်စင် အမည်ပြောင်းလဲပြင်ဆင် လျှောက်ထားမည် ဖြစ်ပါသဖြင့် အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား မူရင်းများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကန့်ကွက် အရေးဆိုနိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဟိုတယ်လုပ်ငန်းလိုင်စင်တွင် လုပ်ငန်းရှင်အမည်ပြောင်းလဲ လျှောက်ထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

ဦးစင်မောင်ရို(စဉ်-၆၃၂၀)တရားလွှတ်တော်ရှေ့နေ
အမှတ်(၆၆)၊နတ်သျှင်နောင်လမ်း၊(၁)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊ရန်ကုန်မြို့။ ၀၉-၄၃၀၈၈၅၄၉

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ (၇)ရပ်ကွက်၊ ဟားခါးလမ်း၊ အမှတ်-၇၅၉(က)ဟု ခေါ်တွင်သော အလျား (၂၀)ပေ x အနံ (၆၀)ပေရှိ ပါမစ်မူရင်းမြေကွက်နှင့် မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်အရပ်အားလုံးတို့အား စာချုပ်စာတမ်းအဆက်ဆက်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သင်းသင်းမာ [၁၂/ဒဂတ(နိုင်)၀၆၅၁၄၅]ကိုင်ဆောင်သူမှ လွှဲပြောင်းရောင်းချခွင့်ရှိသူဟု ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက အဆိုပါမြေကွက်နှင့်ပတ်သက်သည့် တိကျခိုင်လုံသည့်မူရင်းစာရွက်စာတမ်း အထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့် နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ လာရောက် ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်သူသူဌေး**

**LL.B, LL.M, D.M.L**

**တရားလွှတ်တော်ရှေ့နေ ( စဉ်- ၁၄၄၂၅)**

**အမှတ်-၁၃၂၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၅၈၁၂၉၊ ၀၉-၇၈၉၀၁၆၀၄၅**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ စက်မှုဇုန်(၁)၊ ဦးရွှေဘင်လမ်း၊ အမှတ်(၅၇)တွင် မဆလာဘလောက်တုန်း လုပ်ငန်း လည်ပတ်လျက်ရှိသော JJ-Pun Tiostone Co.,Ltd.၏လက်ရှိအသုံးပြုနေသော မဆလာဘလောက်တုန်း ထုတ်လုပ်ဖြန့်ဖြူး ရောင်းဝယ်သည့်နေရာတွင် အသုံးပြုသော စက်ပစ္စည်းများ၊ ယန္တရားများ၊ ကွန်ပျူတာအစရှိသော စက်ပစ္စည်းအမျိုးမျိုးတို့အား ကျွန်ုပ်တို့၏မိတ်ဆွေကုမ္ပဏီမှ အလုံးစုံဝယ်ယူရန်အတွက် တန်းဖိုးငွေ တစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မဆလာဘလောက်တုန်း လုပ်ငန်းတွင်အသုံးပြုသည့် စက်ပစ္စည်းများ၊ ယန္တရားများ၊ ကွန်ပျူတာအစရှိသော စက်ရုံသုံးပစ္စည်းများနှင့်ပတ်သက်၍ တစ်စုံတစ်ရာပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုခြင်းရှိပါက ဤသတင်းစာကြေညာစာပါရှိသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံတိကျသော စာရွက်စာတမ်းအထောက်ထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးစိန်မြင့်** (စဉ်-၁၀၉၁၆) **ဦးဝင်းမောင်** (စဉ်-၅၀၄၅၈)

**အထက်တန်းရှေ့နေများ**

**အမှတ်(၂၀၃)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ (၂)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၈၃၇၇၄၀၆**

## ကန့်ကွက်နိုင်ကြောင်း အများသိရှိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၇)ရပ်ကွက်၊ ရာဇသူရလမ်း၊ အမှတ်(၁၁၇၂)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ဒုတိယထပ်၊ ၃-လွှာ (ခြေရင်းခန်း) တိုက်ခန်းသည် ဦးမြင့်ရွှင် [၈/ရစက(နိုင်)၁၂၆၈၈၆]မှ တရားဝင်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိပြီး၊ အဆိုပါတိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ၎င်းမှ အပြီးအပိုင်ရောင်းချရန် ကမ်းလှမ်းလာသည့်အလျောက် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် (၁၄)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးလှဝေ(စဉ်-၇၁၂၄)** **ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘေဘီ(စဉ်-၈၇၉၁)**

**တရားလွှတ်တော်ရှေ့နေများ**

**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၇၇၅၁၄၄၄၀၁၊ ၀၉-၇၇၅၁၄၄၄၀၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ မြတ်သီရိလမ်း၊ မြေကွက်အမှတ်(၃၃)၊ အကျယ်အဝန်း(၅၆'x၆၅')ရှိ ဦးဖေမြင့် (PMN-၀၁၂၃၅၈)အမည်ဖြင့် မှတ်သားတည်ရှိသော နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်နန်းမိုး [၁၂/မဂဒ(နိုင်)၁၂၀၉၄၁]မှ လွှဲပြောင်းရောင်းချလိုကြောင်းကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဟေမာနံစိုး (LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၅၈၁)**

**တိုက်(A-2)၊ အခန်း(၁၀၃)၊ ဗိုလ်မှူးဗထူးအိမ်ရာ၊ ၄၈U10ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၂၅၀၀၀၉၃၉၄၊ ၀၉-၂၅၀၂၃၀၁၂၅**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့ သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၅)၊ လှော်ကားလမ်းမနှင့်နတ်မောက်လမ်းမကြား၊ ရွှေကံကော်(၃)လမ်း၊ မြေကွက်အမှတ်(၅၄၀)၊ အကျယ်အဝန်း(အလျား၄၀ပေxအနံ၆၀ပေ)ရှိ ဦးစိုးမြင့် (စီအိုင်-၀၀၁၇၁၁)အမည်ဖြင့် ထွက်ရှိထားသောပါမစ်မြေအမျိုးအစားမြေကွက်အတွင်းမှ တရားဝင်မခွဲစိတ်ရသေးသော(ခေါင်းရင်းခြမ်း) (အလျား၂၀ပေxအနံ၆၀ပေ)ရှိ မြေကွက်နှင့် အဆိုပါမြေကွက်နှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အာလုံးတို့ကို ရောင်းချသူမှ အရောင်းအဝယ်စာချုပ်အဆက်ဆက်ဖြင့် လက်ဝယ်ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းကြောင်း၊ ရောင်းချခွင့်ရှိကြောင်း ဝန်ခံသဖြင့် အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်အေးစန္ဒာဝင်း [၁၂/လသယ(နိုင်)၀၇၇၄၀၂]က စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်သဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်အေးမင်းမင်းသိမ့်** (LL.B,D.B.L,D.I.L,D.M.L) **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၃၇ )**

**ဒေါ်စုထွေးလတ်** (LL.B,LL.M,D.B.L) **အထက်တန်းရှေ့နေ(စဉ်-၅၂၈၉၆ )**

**အမှတ်(၉၃၆)၊ ရွှေနှင်းဆီ(၂)လမ်း၊ (၉)မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၈၉၄၂၊ ၀၉-၇၉၅၉၂၁၉၃၂**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်(၁၊ ၂၊ ၃)အတွင်းရှိ အောက်ဖော်ပြပါ မြေကွက်များအား မူလလုပ်ကိုင်ခွင့်ရရှိထားသူများ၏ အမည်ကိုရုပ်သိမ်းပြီး လျှောက်ထားသူများအား ပြန်လည်ချထားပေးမည်ဖြစ်သဖြင့် ကန့်ကွက်လိုသူများရှိပါက တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်လုပ်ငန်းကော်မတီရုံး(ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးဝင်း)သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက လုပ်ထုံးလုပ်နည်းများအတိုင်း ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်-

| စဉ် | ဇုန်အမည် | မြေကွက်အမှတ် | မူလလုပ်ကိုင်ခွင့်ရရှိသူအမည် | ပြောင်းလဲလျှောက်ထားသူအမည် |
|---|---|---|---|---|
| ၁ | ၃ | ၃၀၁ | ဦးသိန်းမြင့် | ဦးထွန်းထွန်းနိုင် |
| ၂ | ၂ | ၄၂၃ | ဦးတိုးအောင်ထွန်း | ဦးမိုးလွင် |
| ၃ | ၂ | ၄၆၇-B၊ ၅၀၂-B၊ | ဦးကျော်ဆန်းဦး၊ | ဦးသိန်းဖေ |
| | | ၄၆၇-A၊ ၅၀၂-A | ဦးညိုထွေး | |
| ၄ | ၂ | ၃၉၄ | ဦးအောင်အောင် | ဒေါ်လူကျင်ကြေး |
| ၅ | ၃ | ၁၂၈၊ ၁၂၉ | ဦးချန်လီရှွင် | ဦးဇော်လင်းဇံ |
| ၆ | ၂ | ၁၆၄ | ဦးမောင်မောင်ဝင်း | ဒေါ်အိအိမင်း |
| ၇ | ၂ | ၂၀၂ | ဦးဌေးအောင် | ဒေါ်ဇာခြည်ဝင်း |
| ၈ | ၃ | ၁၂၀၊ ၁၂၂ | ဦးမြင့်သူ | ဦးကြည်လေး |
| ၉ | ၁ | လ-၃ | ဦးတင်ဝင်း | ဦးကျော်သူရ |
| ၁၀ | ၁ | ဂ | ဦးစိုးမင်း | ဒေါ်ဆွေဇင်ထွန်းဝေစံ၊ ဒေါ်သီရိမြိုင် |
| | | | | ဒေါ်ယုမွန်ကျော် |
| ၁၁ | ၁ | B-၁၀၁$^{B}$(၁၀၃) | ဦးစိုးနိုင် | ဦးခင်မောင်တင့် |
| ၁၂ | ၁ | B-၁၀၁$^{B}$(၁၀၂) | ဦးအေးကြည် | ဦးခင်မောင်တင့်၊ ဒေါ်ဝင်းဌေး |

**ညောင်နှစ်ပင်စိုက်ပျိုးမွေးမြူရေးအထူးဇုန်လုပ်ငန်းကော်မတီ**

**အတွင်းရေးမှူး -09-5312595**

**ရုံးအဖွဲ့မှူး -09-422520300**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၁၇)၊ ကုန်းဘောင်အိမ်ရာ၊ မြေကွက်အမှတ်(၄၀)၊ မြေအကျယ်အဝန်း(၇၀ပေx၉၀ပေ)ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနရှိ မြို့မြေစာရင်းတွင် ဒေါ်မေရင်(ခ)ဒေါ်သန်းသန်းအေး[၁/မကန(နိုင်)၀၈၃၂၁၆]အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီးအမည်ပေါက်ထံမှ ဒေါ်နှင်းနွယ်အေး[၁၂/တမန(နိုင်)၀၆၈၅၀၇]သည်“ နှစ်ဦးသဘောတူ အရောင်းအဝယ်စရန်ပေးကတိစာချုပ်” ဖြင့် ဝယ်ယူခဲ့ကာလဖြစ်ပြီး မိမိတစ်ဦးတည်းသာလျှင်တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု၍ အပြီးအပိုင် လွှဲပြောင်းရောင်းချရန် ကျွန်ုပ်၏မိတ်ဆွေထံသို့ စကားကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သောတန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ယဉ်ယဉ်ကြည်(LL.B)**

**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၁၄၀၆)**

**အမှတ်(၅၄၄/ခ)၊ သဒ္ဒါလမ်း(၂၀)၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**

**ဖုန်း-၀၉-၄၃၁၁၄၆၅၄၊ ၀၉-၇၉၅၆၀၁၈၆၃၊ ၀၉-၇၉၆၃၀၈၀၂၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁)၊ စဝ်စံထွန်းလမ်း၊ မြေကွက်အမှတ်(၁၀၁၈)၊ (ခေါင်းရင်းခြမ်း)၊ မြေကွက်အမှတ်(၁၀၁၉)နှင့်ကပ်လျက်ဘက်အခြမ်း၊ မြေအကျယ်အဝန်း(၃၂ပေ×၆၀ပေ)၊ ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်း နှင့်မြေစီမံခန့်ခွဲမှု မြေယာဌာနတွင် ဦးရန်ညွန့်(CG-၀၀၇၅၀၄) အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အမည်ပေါက်ဖြစ်သူ ဖခင်(ဦးရန်ညွန့်)နှင့်မိခင်(ဒေါ်တင်ဉ)တို့မှာကွယ်လွန်သွားပြီဖြစ်သဖြင့် ၎င်းတို့၏တရားဝင်အမွေဆက်ခံခွင့်ရှိသူ သားသမီးများနှင့်အမွေမဲ့မြေးများဖြစ်ကြသော၁။ဦးဝင်းနိုင်(၁၂/သဃက(နိုင်)၀၂၃၈၅၈)၊ ၂။ဒေါ်အေးအေးပြုံး(၁၂/သဃက(နိုင်)၀၂၃၇၇၃)၊ ၃။ဦးသန့်ဇင်(၁၂/သဃက(နိုင်)၀၀၃၂၅၀)၊ ၄။ဦးမင်းသူရအောင်(၁၂/ဒဂရ(နိုင်)၀၃၃၃၂၇)၊ ၅။ဦးမြတ်ကောင်းထက်(၁၂/ဒဂမ(နိုင်)၀၂၃၅၇၂)၊ ၆။ဦးစိုးမင်းထက်(၁၂/ဒဂမ(နိုင်)၀၃၅၄၈၁)၊ ၇။ဒေါ်ချမ်းအိမ့်အိမ့်သူ(၁၂/ဒဂမ(နိုင်)၀၃၉၈၅၂)တို့မှ မိမိတို့သာလျှင် တရားဝင်လက်ရှိပိုင်ဆိုင်ကြောင်းနှင့် လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့အပြီးအပိုင်လွှဲပြောင်းရောင်းချရန်စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိုပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်စုမြတ်မောင် (LL.B)** တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၅၅၄)

**ဒေါ်ကေကေနိုင် (LL.B)** အထက်တန်းရှေ့နေ (စဉ်-၅၃၃၄၄)

အမှတ်(၁၃၁)၊ မြရတနာ(၇)လမ်း၊ (၈)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉-၄၂၈၀၂၂၃၈၄၊ ၀၉-၄၂၆၈၇၆၆၆၀၊

## “ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ ရန်ကုန်-အင်းစိန်လမ်း၊ THE GEMS CONDOMINIUMS၊ တိုက်အမှတ်-(GEMS-3)၊ အခန်းအမှတ်-(20-06)၊ LEVEL-(20)၊ အကျယ်(၈၉၇) စတုရန်းပေရှိကွန်ဒိုတိုက်ခန်းနှင့်တကွတပ်ဆင်ပါရှိသောအကျိုးခံစားခွင့်အရပ်ရပ်တို့အား တရားဝင်လက်ဝယ်ပိုင်ဆိုင်ပြီး၊ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်းဝန်ခံကတိပြုသူ ဦးကျော်မိုးထွန်း (၁၂/ဗတထ(နိုင်)၀၂၁၆၉၁)နှင့်ဒေါ်သီတာရန်စိန် (၁၂/ဒဂန(နိုင်)၀၁၈၃၃၅)တို့ထံမှကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရံငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါ ကွန်ဒိုတိုက်ခန်းနှင့်တိုက်ခန်းပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ဤကြေညာချက်ပါသည့်နေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့်ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အတွင်းကန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်နန်းဆင့်ဆင့်ထွန်း (LL.B) D.B.L,D.M.L (စဉ်-၁၂၆၃၉)

ဒေါ်မိုးမိုးအေး (LL.B) D.B.L,D.M.L,D.I.L WIPO,DL-101 Switzerland (စဉ်-၈၅၅၈)

(တရားလွှတ်တော်ရှေ့နေများ) (ဖုန်း-၀၉-၄၂၅၃၅၈၂၇၀)

အမှတ်-၈၃၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## “ကန့်ကွက်နိုင်ပါသည်”

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၃၄)၊ မြေကွက်အမှတ်-(၅၇၆/ခ)၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိနှစ်(၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်တည်ရှိရာအမှတ်-၅၇၆/ခ၊ သရဖီ(၁)လမ်း၊ ၃၄-ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ရန်ကုန်မြို့ဟုခေါ်တွင်သည့်အကျိုးခံစားခွင့်အရပ်ရပ်အားအမည်ပေါက်တစ်ဦးဖြစ်သူ ဦးချစ်လှိုင် ကွယ်လွန်ပြီးနောက် တစ်ဦးတည်းအမွေဆက်ခံလက်ဝယ်ပိုင်ဆိုင်ပြီး၊ ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု ဇနီးဖြစ်သူ ဒေါ်တင်ရီ (၇/ရတရ (နိုင်) ၀၁၆၃၆၀) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေကအပြီးအပိုင် ဝယ်ယူရန်စရံငွေပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါမြေကွက်နှင့်မြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်နှင့်ပတ်သက်၍ ဆိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆိုဤကြေညာချက်ပါသည့်နေ့မှစ၍(၇)ရက်အတွင်းခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များဖြင့်ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်နေ့အတွင်းကန့်ကွက်ခြင်းမရှိပါကအရောင်းအဝယ်ကိုဥပဒေနှင့်အညီဆက်လက်ဆောက်ရွက်သွားမည်ဖြစ်ပါကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဒေါ်နန်းဆင့်ဆင့်ထွန်း (LL.B) D.B.L,D.M.L (စဉ်-၁၂၆၃၉)

ဒေါ်မိုးမိုးအေး (LL.B) D.B.L,D.M.L,D.I.L WIPO,DL-101 Switzerland (စဉ်-၈၅၅၈)

(တရားလွှတ်တော်ရှေ့နေများ) (ဖုန်း-၀၉-၄၂၅၃၅၈၂၇၀)

အမှတ်-၈၃၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင် အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံး သက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

**❖ ကျွန်တော်တို့ ညီညွတ်ရင်၊ ကြိုးစားရင် ကျွန်တော်တို့နိုင်ငံဟာ ဒေသတွင်းမှသည် ကမ္ဘာ့ထိပ်တန်းနိုင်ငံအထိ မလွဲကေန်ရောက်ရှိမှာဖြစ်ပါတယ်။ (၇၅)နှစ်တာကာလအတွင်း အခက်အခဲပေါင်းများစွာကို ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားနိုင်ခဲ့မှုအတွက် ပြည်ထောင်စုဖွား တိုင်းရင်းသားပြည်သူများအားလုံးကို ချီးကျူးဂုဏ်ပြုပါကြောင်း ပြောကြားလိုပါတယ်။ (၇၅)နှစ်မှသည် နှစ် ရာ၊ ထောင်မက ကမ္ဘာတည်သရွေ့နိုင်ငံတော်ကြီး ဝင့်ကြွားစွာ ထာဝရတည်တံ့နေဖို့ ကျွန်တော်တို့အားလုံး နိုင်ငံချစ်စိတ်၊ မြန်မာစိတ်နဲ့ ကြိုးစားလုပ်ဆောင်သွားကြဖို့ တိုက်တွန်းလိုပါတယ်။ "ကမ္ဘာတည်သရွေ့၊ မြန်မာတည်ရှိရပါမယ်"**

(နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ဂုဏ်ပြုအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## မြန်မာ့လက်ရွေးစင်အသင်း ခြေစမ်းပွဲတွင် မကာအိုကို အနိုင်ရ

**ရန်ကုန် ဇွန် ၁၉**

ဇွန်လနိုင်ငံတကာရက်သတ္တပတ်တွင် တရုတ်နိုင်ငံ၌ ခြေစမ်းပွဲကစားရန် ရောက်ရှိနေသည့် မြန်မာ့လက်ရွေးစင်အသင်းသည် ဒုတိယခြေစမ်းပွဲအဖြစ် ဇွန် ၁၉ ရက်တွင် မကာအိုလက်ရွေးစင်အသင်းနှင့် ယှဉ်ပြိုင်ကစားရာ နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။

**နိုင်ပွဲပြန်လည်ရရှိ**

နိုင်ငံတကာပြိုင်ပွဲများနှင့် ခြေစမ်းပွဲများတွင် ကာလရှည်နိုင်ပွဲပျောက်ဆုံးနေမှုကို မြန်မာ့လက်ရွေးစင်အသင်းအနေဖြင့် ယခုခြေစမ်းပွဲတွင် အဆုံးသတ်နိုင်ခဲ့ပြီး လွင်မိုးအောင်၊ မောင်မောင်လွင်တို့၏ ဂိုးများဖြင့် အနိုင်ရခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ၁၆ ပွဲဆက်တိုက် နိုင်ပွဲပျောက်ဆုံးနေမှုကို အဆုံးသတ်နိုင်ခဲ့ပြီး နိုင်ပွဲပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၁၁ ကော်လံ ၅ သို့ ❂



မြန်မာအသင်းတိုက်စစ်ကစားသမား ဟိန်းထက်အောင်၏ ထိုးဖောက်မှုကို မကာအိုဂိုးသမားကာကွယ်နေစဉ်။




## ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် ပို့ဆောင်

**နေပြည်တော် ဇွန် ၁၉**

ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား လိုအပ်သောပစ္စည်းများ ကူညီထောက်ပံ့မှု ဆောင်ရွက်ပေးနိုင်ရန် တပ်မတော်(ရေ)မှ ထောက်ပံ့ရေးရေယာဉ်(ပြည်တော်အေး-၂)သည် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ကီလို ၄၀ ပါ ဆန်အိတ် ၁၃၈၅၀၊ ခြောက်ပြည်ပါ ဆန်အိတ် ၅၆၈ အိတ်၊ အသင့်စားဆန် ဖာ ၄၀၀၊ Minitractor ၁၀ စီး၊ လက်တွန်းထွန်စက် ၁၄ စီး၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ စောင်၊ ခြင်ထောင်ဖာ ၆၅၀၊ ကျောင်းဝတ်စုံ ၁၈၉၃၀ နှင့် မြန်မာ့စီးပွားရေးကော်ပိုရေးရှင်းမှ အိမ်ရိုက်သံ ၂၃၃၃ ဖာ စုစုပေါင်းကုန်တန်ချိန် ၆၆၅ တန်ကို တင်ဆောင်၍ ရန်ကုန်မြို့ ဗိုလ်အောင်ကျော်ဆိပ်ကမ်းမှ စစ်တွေမြို့သို့ ယနေ့မွန်းလွဲပိုင်းတွင် ထွက်ခွာသွားသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့ ❍

**ယနေ့ ဖတ်စရာ**

**ဂျီ ၂၀ အဖွဲ့တွင် အာဖရိကသမဂ္ဂအဖွဲ့ ပါဝင်လာရေး အိန္ဒိယနိုင်ငံ တောင်းဆို**

စာမျက်နှာ » ၁၃

**မြောက်ဥက္ကလာပမြို့နယ် (ဈ)ရပ်ကွက်ရှိ "မြတ်မောင်" စိန်ရွှေရတနာဆိုင်အား ဓားပြတိုက်လုယက်ခဲ့သည့် တရားခံများအား လက်နက်/ခဲယမ်း၊ ရွှေထည်ပစ္စည်းများနှင့်အတူ ငါးနာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိ**

စာမျက်နှာ » ၁၄

**လယ်ယာထွက်ကုန် သီးနှံများ ဈေးကောင်းရရှိ**

စာမျက်နှာ » ၁၈